The Arakan International
နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

သက္ကရာဇ် ၂၀၁၁ ခုနှစ်၊ ဂျန်နျူဝါရီလထုတ်
“နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်” အမှတ်(၁) ထွက်ပါဗျာယ်။

လောလောဆယ်သတ်မှတ်ထားဟိရေ ဒေစာစောင်၏မူလဖြန့်ချိမှုပုံစံရေ ‘ပုံနှိပ်ထုတ်ဝီဖြန့်ချီခြင်း’ ဖြစ်ပါရေ။ စာအုပ်၊စာစောင် **(Hard Copy)** အခြီပြုထုတ်ဝီရေစာစောင်အမျိုးအစားဖြစ်ပါရေ။ အိန်တာနက်အခြီပြုထုတ်ဝီရေစာစောင် အမျိုးအစားမဟုတ်ပါ။ ယေဇူးနန့်စာစောင်၏မူလဖြန့်ချီမှုမူဝါဒအားဖြင့်သော်လည်းကောင်း၊ငွီကြိုတင်ပို့ပနာမှာယူအားပီးကတ်တေစာဖတ်ပရိတ်သတ်တိအတွက် တရားမျှတမှုဖြစ်စီဖို့အတွက်သော်လည်းကောင်း အိန်တာနက်ဘားသျှန်းမှာ စာစောင်၏စာမျက်နှာတချို့ကိုရာဖေါ် ပြထားဖြစ်စွာကိုနားလည်ပီးကတ်စီချင်ပါရေ။ အချိန်ရလို့စိတ်ပါကေစာမြည်းအဖြစ်လည်းဖတ်ကြည့်ကတ်စီချင်ပါရေ။ရက္ခိုင်စာကိုရခိုင်သားတိမရှီးကေအရာတယောက်လည်းမရှီးရေပိုင်ရခိုင်သားတိမဖတ်ကေပရံလူတယောက်လည်းသွင့်မဖတ်ဆိုစွာကိုတော့ကေအထူးပြောနိန်ဖို့မလိုပါ။ စာစောင်အပြည့်အစုံကိုဝယ်ယူဖတ်ချင်သူများ၊ ရက္ခိုင်ဘာသာအတိနန့် ရှီးသားထုတ်ဝီမှုကိုအားပီးချင်သူများအဆက်အသွယ်ပြုကတ်ဖို့ခင်မင်လေးစားမှုနန့်အတူဖိတ်ခေါ်အပ်ပါရေ။ ကျေးဇူးတင်ပါရေ။

ရက္ခိုင်သူရက္ခိုင်သားအားလုံး၊ ကမ္ဘာသူကမ္ဘာသားအားလုံး

ကျကျန်းမမာ ချချမ်းသသာ ဟိကတ်ပါစီ။

ခင်မင်မှုဖြင့်

ဦးသိန်းမောင်

The Arakan International
The Arakan International
နိုင်ငံတကာရေးရာရက်ခွိုင်သတင်းစဉ်

အမှတ် (၁)
ဂျန်နျူဝါရီလ
၂၀၁၁ ခုနှစ်။

- အပြည်ပြည်ဆိုင်ရာ ရက်စဉ်သတင်းများ
- ဂေါင်းဆောင်ကြီး များ၏အတ္ထုပ္ပတ္တိ
- အဆိုအမိန့်များ
- နိုင်ငံတကာဆိုင်ရာ ဗဟုသုတများ
- အင်္ဂလိပ်ဝေါဟာရ များနှင့်အင်္ဂလိပ် စကားပြော
- ရခိုင်သမိုင်းဆိုင်ရာ မှတ်စုများ
- ရခိုင်လူကြီးသူမရို့၏ မှတ်သားစရာအမှာ စကားများ
- စာပြည့်ညို ရခိုင်စာအုပ်စင်

# အာသျှဖလား ၂၀၁၁



အာသျှဖလားကိုစတုတ္ထအကြိမ်မြောက်အဖြစ် ရဟိလားသည့်ဂျပန်အသင်းအောင်ပွဲခံနိန်စဉ်

၂၀၁၁ခုနှစ်အတွက် အာသျှဖလားဘောလုံးပြိုင်ပွဲကိုကာတာနိုင်ငံမှာဂျန်နျူဝါရီလ၄ရက်နိကနိန်၂၉ရက်နိထိကျင်းပပြီးစီးလားဗျာယ်ဖြစ်ပါရေ။ အေနှစ်အတွက်အာသျှဖလားချန်ပီယံကတော့ကေဂျပန်နိုင်ငံဖြစ်ပြီးကေကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့အာသျှဇုန်၏လက်ရွီးစင်အသင်းတသင်းအနိန်နန့်အလိုအလျောက်ဝင်ကျောက်ခွင့်ရဟိလားပါယာ။ ဖိုင်နယ်ပွဲစဉ်၏အချိန်ပို(၁၀၈မိနိ)မှာကပ်သျှုံးလားရေဩစတြေးလျအသင်းကဒုတိယ၊ တောင်ကိုးရီးယားကတတိယနန့်ဥဇဘက်ကိစတန်ကစတုတ္ထအသီးသီးရလားကတ်ပါရေ။

ကွိန်းစ်လန်းပြည်နယ်မှာရက်အင်တန်ကြာရီကြီးခစွာမှာပျက်စီးဆုံးရှုံးမှုတိကိုပြန်လည်ပြုပျင်ဖို့အတွက်နိုင်ငံဝန်ကြီးချုပ်ကအခွန်အခတိုးမြှင့်ကောက်ခံဖို့ပြောဆိုပျင်ဆင်နိန်ရေအချိန်၊သက်ကြီးရွယ်အိုပင်စင်စားတိများလာလို့ နိုင်ငံ့အမျိုးသားဝင်ငွီစုစုပေါင်း၏၁၀ပုံ၁ပုံကိုယင်းရို့အတွက်သုံးစွဲနိန်ရချိန်တိမှာဩစတြေးလျနန့်ဂျပန်ရို့ရေအာသျှဖလား၏ဖိုင်နယ်ပွဲစဉ်သို့တက်လှမ်းလာကတ်စွာဖြစ်ပါရေ။ဖိုင်နယ်သို့အတက်မှာဩစတြေးလျကဥဇဘက်ကိစတန်ကို၆ဂိုး–၀ဂိုးပြတ်အနိုင်နန့်တက်လာပြီးကေဂျပန်ကတော့ကေသူ့ပြိုင်ဖက်တောင်ကိုးရီးယားအသင်းနန့်၂ဂိုး–၂ဂိုးဒရှင်ကျပနာနောက်ဆုံးပနယ်တီကဇါပ်ခကတ်စွာမှာအနိုင်ရလို့ဖိုင်နယ်ကိုတက်လာစွာဖြစ်ပါရေ။ အယင်အာသျှချန်ပီယံ၃ခါဖြစ်ဖူးရေဂျပန်ရေအေဂုဆိုကေအာသျှဖလားကို၄ကြိမ်ရဖူးရေပထမဦးဆုံးအသင်းဖြစ်လားပါယာ။အာသျှချန်ပီယံ၃ကြိမ်ဖြစ်ဖူးရေအခြားအသင်း၂သင်းကတော့ကေဆိုဒီအာရေးဗီးယါးနန့်အီရန်ရို့ဖြစ်ကတ်ပါရေ။

ဖိုင်နယ်ကိုတက်လာရေ(အုပ်စုဘီက)ဂျပန်နန့်(အုပ်စုစီက)ဩစတြေးလျားအသင်းနှစ်သင်းလုံးမှာအတွဲ အကြံ့ဟိရေဘောလုံးသမားကောင်းတိဟိနိန်ကတ်စွာပါ။ဂျပန်အသင်းကကွင်းလယ်ကဇါပ်သမားသျှိန်ဂျီကာဂါဝါရေဂျာမနီကဘော်ရှိသျှားဒေါ့တ်မွင်န်အသင်းမှာလည်းကောင်း၊ကိုင်ဆုကီဟွင်ဒါရေရာသျှားနိုင်ငံကက်စကာမော်စကိုအသင်းမှာလည်းကောင်း၊ဩစတြေးလျအသင်းကွင်းလယ်ဖန်တီးသျှင်ထိမ်ကာဟီးလ်ရေအိန်ဂလန်ဖရီးမီးယားလိဂ်ကအီဗာတန်အသင်းမှာလည်းကောင်း၊ဘရက်အီမာထွင်ဆိုကေဖရီးမီးယားလိဂ်ကဘလက်ဘင်းရို့ဗာအသင်းမှာလည်းကောင်းအဆင့်အတန်းဟိဟိကဇါပ်နိန်ကတ်စွာဖြစ်ပါရေ။

အလျဥ်းသင့်လို့အာသျှဖလားသမိုင်းကိုလည်းစိကေချေလောက်ပြောချင်ပါသိရေ။ကမ္ဘာ့ဖလားကို၁၉၃၀မှာစလို့ကျင်းပဖြစ်ခကေလည်းအာသျှဖလားကိုတော့ကော၁၉၅၄ခုနှစ်၊ဖိလိပိန်းနိုင်ငံမနီလာမြို့တော်မှာလုပ်တေအာသျှဘောလုံးအစည်းအဝေးကဆုံးဖြတ်ချက်ကိုအတည်ပြုပြီးကေပထမဦးဆုံးအာသျှဖလားပြိုင်ပွဲကို၁၉၅၆ခုနှစ်ကဟောင်ကောင်မှာစတင်ကျင်းပခစွာဖြစ်ပါရေ။ယင်းနောက်ပိုင်းမှာအာသျှဖလားဘောလုံးပြိုင်ပွဲတိကိုလေးနှစ်မှာတခါပုံမှန်ကျင်းပလာစွာရေ၂၀၀၄ခုနှစ်ထိပါ။ယေကေလည်းအာသျှဖလားကျင်းပရေနှစ်တိရေဥရောပဖလားပြိုင်ပွဲဝင်ရေနှစ်တိနန့်တထပ်တည်းကျနိန်မှု၊အခြားအရေးကြီးဘောလုံးပြိုင်ပွဲတိနန့်တိုက်ဆိုင်နိန်မှုရို့အတွက်အာသျှဘောလုံးဖယ်ဒရေးသျှန်းအနိန်နန့်၂၀၀၇ခုနှစ်မှာပြိုင်ပွဲနှစ်ကိုစလို့ပြောင်းပစ်တေအတွက်လေးနှစ်အကြာအေဂု၂၀၁၁ခုနှစ်မှာအာသျှဖလားပြိုင်ပွဲကိုကဇါပ်ဖြစ်ကတ်စွာပါ။လာဖို့၂၀၁၅ခုနှစ်၏အာသျှဖလားပြိုင်ပွဲတိကိုတော့ကေဩစတြေးလျနိုင်ငံမဲလဘုန်းမှာကျင်းပဖို့ပျင်ဆင်ထားဟိကြောင်းတင်ပြလိုက်ပါယင့်။ ။

# အယ်ဒီတာ့စကား

***အားလုံးမင်္ဂလာနှစ်သစ် ၂၀၁၁ ပါ။***

ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးရို့ကိုယ့်နည်းကိုယ့်ဟန်နန့်ကိုယ်ကောင်းသောရည်မှန်းချက်အသီးသီး၊ မွန်မြတ်သောလုပ်ရပ်အတန်တန်ရို့နန့် နှစ်သစ်ကိုကြိုဖြစ်ကတ်လီဖို့လို့ယုံကြည်ဖြစ်ပါရေ၊ အကျွန်ကတော့ကေ **'နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်'** ***(The Arakan International)*** ကိုစတင်ထုတ်ဝီဗျာယ် နှစ်သစ်ကိုကြိုလိုက်ပါယင့်။

အေစာစောင်ထုတ်ဝီရခြင်းအကြောင်းရင်းတချို့ကိုဦးစွာပြောပါရစီ။ပထမဦးဆုံးအချက်ကတော့ကေအတိုင်းအတာတခုထိအရည်အသွီးပြည့်ဝပြီးကေရခိုင်ဘာသာတိတိနန့်ထုတ်ဝီရေသတင်းစာစောင်ချေတခုထွက်လာစီချင်ရေဆန္ဒမွန်ပါ။ ဒုတိယအချက်ကတော့ကေအကျွန်ရို့ရခိုင်တိ နိုင်ငံတကာမှာရောက်နိန်ကတ်ပြီးကေ နိုင်ငံတကာနန့်အဆက်အသွယ်ပြတ်နိန်ရေယောင်ခံစားဖြစ်တေကိစ္စပါ။အေပိုင်မျိုးစာစောင်ချေတိကိုထုတ်ဝီခြင်းအားဖြင့် ကိုယ့်အတွက်လည်း အကျိုးဟိရေ၊(ရခိုင်လူ့အဖွဲ့အစည်းအတွက်)အများအတွက်လည်းအကျိုးဟိရေ၊ တနည်းအားဖြင့် **အတ္တသမ္မာ** ဟန်ချက်ညီမှုတခုဖြစ်စီရေလို့ယုံကြည်ဖြစ်ပါရေ။တခြားအချက်တိအများကြီးဟိပါသိရေ။ မပြောပါဗျာ။ ယေခါပြဿနာကကုန်ကျရေစရိတ်စခပါ။ **'အတိုင်းအတာတခုထိအရည်အသွီးပြည့်ဝရေရခိုင့်လူ့အဖွဲ့အစည်းအခြီပြုရခိုင်စာစောင်ဖြစ်လိုရေး'** ဆိုရေ အေစာစဉ်၏မူလပဓါနဦးတည်ချက်ကိုအကောင်အထည်ဖေါ်ရေခါလိုအပ်တေကုန်ကြမ်းတိစုဆောင်းရခြင်း၊အိန်တာနက်သတင်း၍နကြီးတိကိုနိစဉ်တက်ဖတ်ပနာသတင်းအချက်အလက်တိဘာသာပြန်ရခြင်း၊သတင်းစာနန့်အပါတ်စဉ်ထုတ်မဂ္ဂဇိန်းတိကိုဖတ်ရခြင်းကမ္ဘာ့စွယ်စုံကျမ်း၊ရာစုနှစ်စွယ်စုံကျမ်းအစဟိရေအထောက်အထားကျမ်းကောင်းတိကိုရှာပနာမှီးငြမ်းကိုးကား၊အချက်အလက်ထုတ်ရခြင်း၊ပုံနှိပ်ရ၊မိတ္တူကူးရခြင်း၊စာပို့ရခြင်း၊ဖုန်းခေါ်ရခြင်း၊ဖုန်းပြောရခြင်းအစဟိရေများစွာသောအချိန်၊ကရိကထနန့် ဖေသာတချို့ကိုပီးဆပ်လိုက်ရပါရေ။

အချေ ၃ယောက်ကိုထိန်းရခြင်း၊ကောလိပ်ကျောင်းတက်နိန်ခြင်း၊အချိန်ပိုင်းအလုပ်လုပ်နိန်ခြင်းနန့်အိမ်မှု၊လူမှုကိစ္စဗာဟီရတိကလည်းအကျွန့်မှာနိစဉ်နန့်အမျှဟိနိန်ပါသိရေ။ဒေနေရာမှာအကျွန်အဓိကပြောချင်စွာကတော့ကေ စာစောင်ရောင်းရရေကိစ္စပါ။ ကိုယ့်ရခိုင်လူမှုအသိုင်းအဝိုင်းကိုအခြီခံဗျာယ် ကိုယ်ထူကိုယ်ထတည်ထောင်ထုတ်ဝီရေစာစောင်ကို အဖိုးအခမယူပဲနန့်ရီရှည်ရပ်တည်ဖို့တခုပိုင်လည်းမဖြစ်နိုင်ပါ။ ရခိုင်စာစောင်ထုတ်ဖို့အတွက်သီးခြားရံပုံငွီဟိနိန်စွာဟုတ်ပါ။အကျွန်ကိုယ်တိုင်ကတခုအဖွဲ့အစည်း၊ပါတီဝင်လည်းမဟုတ်ပါ။ယင်းပိုင်ဆိုခါဒေစာစောင်၏ရီရှည်အသက်ရှင်ရပ်တည်ရေးရေရခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးရို့၏**နားလည်တတ်စွာ**အားပီးမှုအပေါ်မှာလုံးဝတည်မှီနိန်ပါရေ။ **ကောင်းလည်းကောင်းမွန်၊သင့်လည်းသင့်တော်သောအလုပ်တိကိုလုပ်ဖို့ဆိုစွာရေခဲယဉ်း၊ပင်ပမ်းတတ်ကြောင်း** ကိုအကျွန်ရို့မြတ်စွာဖုရားသျှင်ကိုယ်တိုင်တခုသောတရားဒေသနာတော်ထဲမှာဟောကြားတော်မူထားပါရေ။

ပထမဦးဆုံးထုတ်ဝီရေစာစောင်ဖြစ်တေအတွက်အယ်ဒီတာ့အာဘော်မှာစာခန့်ပီငြားရှီးဖို့အစားစာစောင်ထုတ်ဖြစ်၊ရောင်းဖြစ်တေကိစ္စကိုရာပွင့်ပွင့်လင်းလင်း၊ရင်းရင်းနှီးနှီးနန့်ရှီးလိုက်ပါယင့်။ အကြံပြုကတ်ပါ။ဝေဖန်ကတ်ပါ။အားပီးကတ်ပါ။ အဆက်အသွယ်ပြုကတ်ပါ။ ဗဂျီးရို့၊ ကြီးကြီးရို့၊ ဂိုးချေရို့၊ မရီးချေရို့လက်ထဲကိုဒေစာစောင်လစဉ်ပုံမှန်ရောက်ဖြစ်နိုင်အောင်၊စာစောင်၏အရည်အသွီးမြင့်သည်ထက်မြင့်လာအောင်အတတ်နိုင်ဆုံးကြိုးစားလားဖို့စကားဆိုလိုက်ပါရစီ။

***အားလုံးမင်္ဂလာနှစ်သစ် ၂၀၁၁ ပါ။***

*ခင်မင်မှုဖြင့်*

*ဦးသိန်းမောင်*



ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂနှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။

**"ကိုယ့်အားနည်းချက်ကိုကိုယ်သိမြင်၊လက်ခံနိုင်လောက် အောင်စိတ်ဓါတ်အင်အားကောင်းရေသား၊ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နိန်ရေအချိန်မှာလည်းကိုယ့်ကိုကိုယ်ရင်ဆိုင်နိုင်ရေသား၊ရိုးရိုးသားသားကြိုးစားယက်ပင်းအသျှုံးနန့်တွိကြုံရရေအချိန်မှာလည်းဂေါင်းမငုံ့စတမ်းမာန်တင်းနိုင်ရေသားမျိုးကိုမွီးပါရစီဖုရား"**

*(အမေရီကန်ဗိုလ်ချုပ်ကြီးမက်အာသာ၏သူ့သားအတွက်ဆုတောင်းစာမှကောက်နုတ်ချက်)*

(ဗိုလ်ချုပ်ကြီးမက်အာသာသည်ဒုတိယကမ္ဘာစစ်အတွင်းကအရှေ့တောင်အာသျှစစ်မျက်နှာကိုတာဝန်ယူခရသူဖြစ်ပါသည်။)

## ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။

# ဂျန်နျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ




၁– ၂၀၁၁ ခုနှစ်၏ နှစ်သစ်ကူးအထိမ်းအမှတ် ပျော်ပွဲ၊ ရှင်ပွဲများ၊ ဝတ်ပြုဆုတောင်းပွဲများကို ကမ္ဘာ့နိုင်ငံအနှံ့တွင် ကျကျယ်ပြပြန့်၊ စစည်ကကားကျင်းပလားကတ်သည်။

၁– ဥရောပသမဂ္ဂ၏အလှည့်ကျဥက္ကဋ္ဌရာထူးနေရာကို ၄င်း၏အဖွဲ့ဝင်နိုင်ငံတခုဖြစ်သည့်ဟင်ဂေရီနိုင်ငံမှတာဝန်ယူဆောင်ရွက်သည်။

၁– အီဂျိနိုင်ငံအလက်ဇါန်းဒြီးယားမြို့တွင်ခရိယံဖုရားကျောင်းတခု၏အပြင်ဖက်၌ဗုံးတလုံးပေါက်ကွဲရာ လူ ၂၁ ဦးခန့် သီဆုံးလားသည်။

၁– ဒီလ်မာရူးဆက်သည် ဘရာဇီးနိုင်ငံ၏ပထမဦးဆုံးသော အမျိုးသမီးသမ္မတအဖြစ်ရွှီးကောက်တင်မြှောက်ခြင်းခံရသည်။

၁– ရာသျှားနိုင်ငံအရှိပိုင်းဆာဂတ်တွင် ခရီးသည်တင်လီယဉ်ပျံတစီး၌ဗုံးပေါက်ကွဲရာ လူ ၄ ဦးခန့်သီဆုံးပြီးအခြား ၄၀ ကျော် ဒဏ်ရာရဟိလားသည်။

၂–  မြောက်ပိုင်းအာဖရိကဒေသနှင့်အရှိအလယ်ပိုင်းဒေသရို့မှရွှိပြောင်းအလုပ်သမားအများအပြားဝင်ရောက်လာလျှက်ဟိရာဂရိနိုင်ငံသည်ထာရကီနိုင်ငံနှင့်ထိစပ်နိန်သည့်နယ်စပ်ဒေသ၌အုတ်ခြံခတ်လားရန်စဉ်းစားနိန်ကြောင်း ဂရိအစိုးရပြောရေးဆိုခွင့်ဟိသူမှပြောဆိုသည်။

၂– အပြည်ပြည်မူးယစ်ဆီးတားဆီးနိမ်နင်းရေးအဖွဲ့များ၊ နိုင်ငံအစိုးရများ၏ပိတ်ဆို့ဖျက်ဆီးမှုများကြောင့် ဘိန်းထုတ်လုပ်သည့်လုပ်ငန်းများထိခိုက်လာလျှက်ဟိရာအက်ဖဂင်နိစထင်နိုင်ငံတွင်ဘိန်းတန်ဖိုးနှစ်ဆခန့်မြင့်တက်လားသည်။ ယင်းကြောင့်အက်ဖဂင်လယ်သမားများဘိန်းစိုက်ပျိုးမှုဖက်သို့လှည့်လာမည်ကို နိုင်ငံရေးသမားများ၊ လေ့လာသူများ များစွာစိုးရိမ်လျှက်ဟိသည်။

၃– ရီတပ်သားများပါဝင်သည့်တရားမဝင်ဗီဒီယိုခွေပြန့်နှံ့နီမှုအပေါ်အမေရီကန်ရီတပ်မှစုံစမ်းစစ်ဆေးမှုများပြုလုပ်လားမည်ဖြစ်ကြောင်း အဆိုပါရီတပ်၌ါနချုပ်မှသတင်းထုတ်ပြန်သည်။

၃– ပြင်သစ်ရို့၏ကန့်ကွက်မှုများဟိနိန်လင့်ကစား ဂျာမဏီနိုင်ငံသည် အမေရီကန်ပြည်ထောင်စုနှင့် ပူးပေါင်းကာထောက်လှမ်းရေးဂြိုဟ်တုတခုကို လွှင့်တင်လားမည်ဟုဆိုသည်။

၃– နျူကလီးယားနည်းပညာစမ်းသပ်စစ်ဆေးမှုများ၌ တိုးတက်မှုများဟိနိန်ကြောင်း တရုတ်သိပ္ပံပညာသျှင်များက ထုတ်ပြန်ကြော်ငြာသည်။

၃– စကေး ၇.၁ ပြင်းအားဟိသည့် ငလျှင်တခု ချီလီနိုင်ငံတွင်လှူပ်ခတ်လားသည်။ သို့သော်လူအသီအပျောက်နှင့် ထိခိုက်ပျက်စီးမှုစာရင်းအသေးစိတ်အား အာဏာပိုင်များမှ သတင်းထုတ်ပြန်မှု မဟိသိပါ။

## နှစ်သစ်ကူးအစီ၌ါန်

***"Always bear in mind that your own resolution to succeed is more important than any other."***

Abraham Lincoln



*"မင်း၏နှစ်သစ်ကူးအစီ၌ါန် ပြည့်ဝအောင်မြင်လာအောင်လုပ်ဆောင်လားရဖို့စွာရေ ကျန်စွာအားလုံးထက်ပိုလို့အရေးကြီးကြောင်းအမြဲတမ်းသတိရပါ"*

အယ်ဗရာဟင်မ်လိန်ကိန်း


(၁၆ ယောက်မြောက်
အမေရီကန်သမ္မတ)

## 'သတိ'

နှစ်ဆယ့်တစ် ဆိုရေ ရာစုသစ်
သုံးခုမြောက် ထောင်စုသစ်
စူးနစ်ဝင်ရောက်
ဆယ်စုနှစ်တခုပြည့်လားဗျာယ်။

သုံးဂဏန်း တန်းခါးဝမှာ
ချိတ်ပြထားရေ စာတမ်း
လှမ်းဖတ်လိုက် တချက်
**'ကြောက်တတ်တေလူ မဝင်ရ'**။

*ဇုန်ဒတ်*



**ကမ္ဘာ့ကုလသမဂ္ဂ၏ရုံးသုံး**

**ဘာသာစကားများ**

***အင်္ဂလိပ်***

***ပြင်သစ်***

***ရုရှား***

***စပိန်***

***တရုတ်***

***အာရေဗျ***

**ကမ္ဘာ့အရှည်ဆုံးမြစ်များ**

*(အရှည်မိုင်များအား ကွင်းဖြင့်ပူးတွဲဖေါ်ပြထားပါသည်။)*

နိုင်းလ် (၄၁၄၅)

အေမဇုန် (၄၀၀၀)

မိစ်စီပီ–မီဇူရီ(၃၇၄၀)

ယင်စီ (၃၇၂၀)

ယဲနီစီအင်ဂါရာ (၃၆၅၀)

အေမါအာဂုံ (၃၅၉၀)

အာ့ဘ်အာချ် (၃၃၆၀)

ပလာတာပရာနာ (၃၀၃၀)

ဟင်းဟီ(မြစ်ဝါ) (၂၉၀၃)

ကွင်ဂို (၂၉၀၀)

လီနာ (၂၇၃၀)

မာ့ကင်ဇီ (၂၆၃၅)

မဲခေါင် (၂၆၀၀)

နိုင်ဂျာ (၂၆၀၀)

မီဇူရီ (၂၃၁၅)

## ဂျန်နျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၃– ဩစတြေးလျား နိုင်ငံ၊ ကွီန်းစ်လန်းပြည်နယ်တွင် ရေကြီးမှုတရပ်ဖြစ်ပွါးသည်။

၃– ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များအား အောင်မြင်စွာလက်ခံကျင်းပနိုင်ခမှု၊ စီးပွါးရေးဆိုင်ရာ တိုးတက်မှုများ ဟိခသည့်အတွက်ပြီးခသည့် ၂၀၁၀ ခုနှစ်သည်အာဖရိကတိုက်အတွက်အောင်မြင်သည့် နှစ်တနှစ် ဖြစ်ကြောင်း သတင်းတရပ်ကဆိုသည်။ သို့သော်အကြမ်းဖက်မှုများနှင့်ရွေးကောက်ပွဲဆိုင်ရာမသမာမှုများ အာဖရိကတိုက် အနှံ့အပြားတွင် ဟိနိန်ဆဲဖြစ်ကြောင်း အဆိုပါသတင်းက ဆိုသည်။

၃– အမေရကန်အခြေစိုက် ဂိုးလ်ဒ်မန်းစပ်ချ်ကုမ္ပဏီနှင့်ရာသျှားလုပ်ငန်းသျှင်တဦးရို့က ဖေ့စ်ဘုတ် လူထုဆက် သွယ်ရေးမီဒီယာဝက်ဘ်ဆိုဒ်အားအမေရီကန်ဒေါ်လာဘီလီယံ၅၀ပီးမည်ဖြစ်ကြောင်းအေနိုတွင်သတင်းထုတ် ပြန်သည်။

၄– ၂၀၂၂ ခုနှစ်မှာကျင်းပလာ့းမည်ဖြစ်သည့် အာသျှဖလားဘောလုံးပြိုင်ပွဲအိမ်သျှင်နိုင်ငံအဖြစ်ကွာတာနိုင်ငံက ကျင်းပခွင့်ရဟိလာ့းသည်။ အာသျှဖလားဘောလုံးပြိုင်ပွဲအိမ်သျှင်နိုင်ငံအဖြစ် ကွာတာနိုင်ငံအနိန်ဖြင့် ဒုတိယ အကြိမ်မြောက်ရဟိခြင်းဖြစ်သည်။

၄– ၁၉၈၉ ခုနှစ်ကဖြစ်ပွါးခသည့် တီယန်နမ်မိန်ရင်ပြင်အရေးအခင်း၏ ဒီမိုခရေစီအရေးလှုပ်သျှားမှုခေါင်းဆောင် ဇီတိုဝါ၏ အသုဘအခမ်းအနား့သို့တက်ရောက်ခွင့်ရဟိလိုကြောင်း ထိုင်ဝမ်အခြီစိုက်အဆိုပါလှုပ်သျှားမှု၏ အ ခြား့ခေါင်းဆောင်ဟောင်းနှစ်ဦးမှ ဟောင်ကောင်သို့ တောင်းဆိုလိုက်သည်။

၄– မကြာခင်ကဖြစ်ပွါးခသည့်နှစ်ဖက်ဆက်ဆံရေးကတောက်အဆများဟိနိန်သည့်တိုင် ဂျပန်နိုင်ငံသည်မြောက် ကိုးရီးယား့နှင့်တွိဆုံဆွေးနွေးမှုများပြုလုပ်ရန်လမ်းဖွင့်ထား့ဟိပါကြောင်း ပြောဆိုလိုက်သည်။

၄– စိန်ကာပူနိုင်ငံ၏၂၀၁၀ခုနှစ်အတွင်းစီးပွါးရေးတိုးတက်မှုနှုန်း (၁၄.၇ ရာနှုန်း) သည် စံချိန်တင်တိုးတက်မှုနှုန်း တခုပင်ဖြစ်သည်ဟုဆိုသည်။

၄– ဩစတြေးလျှားနိုင်ငံကွိန်းစ်လန်းပြည်နယ်တွင်ရေကြီးမှုဖြစ်ပွါးလျှက်ဟိရာ ပြည်နယ်လူထုများစွာကို ကယ် ဆယ်ရေးအဖွဲ့များကကယ်ဆယ်မှုများပြုလုပ်လျှက်ဟိသည်။

၄– အီရန်နိုင်ငံသည် ၄င်း၏နျူကလီးယား့အစီအမံအပေါ်နိုင်ငံတကာမှစစ်ဆေးမှုများလာရောက်ပြုလုပ်နိုင် ကြောင်း ထုတ်ဖေါ်ပြောဆိုသည်။

၄– ကိုယ်ပိုင်သက်တော်စောင့်၏ လုပ်ကြံမှုကြောင့်ပါကိစတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အုပ်ချုပ်ရေးမှူးသည် သေ နတ်ဒဏ်ရာ ၂၆ ချက်ရကာသီဆုံးလာ့းသည်။

၅– မြောက်ကိုးရီးယား့သည် တောင်ကိုးရီးယား့ရို့နှင့်ဆွေးနွေးလိုကြောင်းထုတ်ဖေါ်ပြောဆိုသည်။

၅– ဂျပန်ဝေလငါးဖမ်းသင်္ဘောတစီးသည်အတ္တလန်တိတ်သမုဒ္ဒရာ၌အပြည်ပြည်ဆိုင်ရာပင်လယ်ကြောင်းစောင့် သျှောက်ရေးအဖွဲ့တဖွဲ့၏ တိုက်ခိုက်မှုကိုခံရကြောင်းသတင်းတရပ်တွင်ဖေါ်ပြထား့ဟိသည်။

၅– ဖီလီပိန်းနိုင်ငံတွင်ကွန်မျူနိပြောက်ကျား့ခေါင်းဆောင်တဦးကိုဖမ်းဆီးလိုက်ကြောင်းအာဏာပိုင်များက ထုတ် ဖေါ်ပြောဆိုသည်။

၅– ကမ္ဘောဒီး့ယား့နိုင်ငံတွင်ကန့်သတ်မဲ့စွာကြီးထွါးလာနိန်သည့် လာဘ်စား့မှုများကို တား့ဆီးနိုင်ရန်အလို့ငှါ အစိုးရအရာဟိကြီး တသိန်းကျော်ရို့သည် အေဂုလမှစတင်၍ သူရို့၏ပိုင်ဆိုင်မှုများကို တရား့ဝင်ကြေ်ငြာရ မည်ဟုဆိုသည်။

၅– အမေရီကန်ပြည်ထောင်စုဖယ်ဒရယ်လီယဉ်ပျံကွင်းများအုပ်ချုပ်ရေးအဖွဲ့အနိန်ဖြင့်နိုင်ငံတွင်းခရီးသည်ဝင် ထွက်အများဆုံးလီဆိပ်များထဲတွင်တခုအပါအဝင်ဖြစ်သောဖီလာဒယ်ဖီးယား့လီယဉ်ပျံကွင်းကိုတိုးချဲ့ပျင်ဆင်ရန် အတွက်အမေရီကန်ဒေါ်လာ ၅.၂ ဘီလီယံကိုလျှာထား့ခွင့်ပြုလိုက်သည်။

## ဂျန်နျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၅– ၂၀၀၉ ခုနှစ် အရေးအခင်းကာလ၌ လူသတ်မှုအပါအဝင်အခြားပြစ်မှုကျူးလွန်မှုများအတွက် ဘင်္ဂလာဒေ့ချ် စစ်တပ်မှ စစ်မှုထမ်း ၈၀၀ ခန့်ကို အစိုးရမှ ပြစ်ဒဏ်ပေးလိုက်သည်။

၅– ပြီးခဲ့သည့်ဒီဇင်ဘာလတွင် ကမ္ဘာ့စားသုံးကုန်စည်များ၏စျေးနှုန်းသည် စံချိန်တင်မြင့်တက်လာကြောင်း ကမ္ဘာ့ ကုလသမဂ္ဂထုတ် အစီရင်ခံစာတစောင်တွင် ဖေါ်ပြထားသည်။

၅– အမေရိကန်နိုင်ငံတွင်လေးနှစ်အတွင်းပထမဆုံးအကြိမ်အဖြစ်ရီဖါဗလီကိန်ပါတီမှပြည်ထောင်စုလွှတ်တော်၏ အများစုအနိုင်ရပါတီအဖြစ်တာဝန်ယူဆောင်ရွက်သည်။

၅– တရုတ်ပြည်၏ ကြွယ်ဝချမ်းသာမှုသည် တရုတ်ငွေကြီးသျှင်များ၏အမျှောင်မယားများနှင့်မယားငယ်ထားဟိ သည့်ယဉ်ကျေးမှုတရပ်ကိုပေါ်ပေါက်လာစီကြောင်းသတင်းတရပ်ကဆိုသည်။

၆– အက်ဖဂင်နိစထင်တွင်ဆင်နွဲနိန်သည့်စစ်ပွဲအတွက် အမေရိကန်ပြည်ထောင်စုသည် မရိန်းတပ်သား ၁၄၀၀ ပါဝင်သည့်တပ်ဖွဲ့တဖွဲ့အားအေနိတွင် အင်အားဖြည့်တင်းလိုက်သည်။

၆– တရုတ်ပြည်၏စစ်အင်အားတည်ဆောက်မှုသည် နိုင်ငံလုံခြုံရေးအဆင့်အနိန်အထားကိုများစွာကျော်လွန် လျှက်ဒေသတွင်းတည်ငြိမ်မှုကိုခြိမ်းခြောက်လာလျှက်ဟိသည်ဟုယုံကြည်ကြောင်းဖြင့်ဩစတြေးလျှထောက် လှမ်းရေးသတင်းရပ်ကွက်ကဆိုသည်။

၆– ထိုင်းလိုက် (ဆည်းဆာ) ရုပ်ရှင်စီးရီးသည် ‘အများပြည်သူရို့အကြိုက်ရွီးချယ်မှု’ ဆုကို ဆွတ်ခူးရဟိသည်။

၆– ဘရာဇီးနိုင်ငံအနှံ့တွင် ရီကြီးမှုများဖြစ်ပွါးလျှက်ဟိပြီး အနည်းဆုံး လူ ၃၅ ယောက်သီဆုံးကာ လူပေါင်း သုံး သောင်းကျော်ရို့အိုးပျောက်အိမ်ပျောက်ဖြစ်လားကြောင်းသတင်းများတွင်ဖေါ်ပြထားသည်။

၆– တနင်္ဂနီနိတွင်စတင်မည့် ခွဲရေး၊တွဲရေးပြည်သူ့ဆန္ဒခံယူပွဲ၌မဲပီးရန်ဆူဒန်နိုင်ငံတောင်ပိုင်းသား ၄ သန်းကျော်ရို့ မှတ်ပုံတင်ထားကတ်ပြီးဖြစ်သည်။

၇– အိမ်နားပါးချင်းအိုင်ဗရီကို့စ်နိုင်ငံတွင်ဖြစ်ပွါးနီသည့်အရေးအခင်းနှင့်ပါက်သက်၍မိမိရို့နိုင်ငံသည်ကြားနိန်လို ကြောင်းဂါနာသမ္မတကပြောကြားလိုက်သည်။ ထို့အပြင် အင်အားသုံးခြင်းသည်ပြဿနာကိုအဂေါင့်အမှန်ဖြေ သျှင်းနိုင်မည့်နည်းလမ်းများဟုမယုံကြည်ပါကြောင်း သူကဆိုသည်။

၇– ဘရာဇီးရဲတပ်ဖွဲ့သည်မူးယစ်ဆီးနိမ်နင်းရေးအစီအမံ၏အစိတ်အပိုင်းတရပ်အဖြစ် မူးယစ်ဂိုဏ်းများခိုအောင်း ရာ ဆလမ်းနေရာ (ပုံကျရပ်ကွက်) သုံးနေရာအားအေနိတွင် ဝင်ရောက်စီးနင်းလိုက်သည်။

“မဏ္ဍလာယေရှိုင်ရှိုင်
ကြိမ်သားဒုတ်ကို
နနောင်းကိုင်
ကယိုင်ကပါး
နှင်းမြိုင်မြိုင်ကေ
တောင်ကျိုင်ကြားမှာ
ကျွဲကျောင်းလားရေ”

**ကမ္ဘာ့ခရီးသည်ဝင် ထွက် အများဆုံးလီယဉ်ပျံဆိပ် ၁၀ ခု**

၁။ ဟာ့တ်စ်ဖီးလ်ဒ် အတ္တလင်တာ အပြည်ပြည်ဆိုင်ရာလီဆိပ်၊ အတ္တလင်တာ။

၂။ အိုဟေးရ်အပြည်ပြည်ဆိုင်ရာ လီဆိပ်၊ ချီကာဂို။

၃။ အပြည်ပြည်ဆိုင်ရာလီဆိပ်၊ လော့စ်အိန်ဂျယ်လိစ်။

၄။ ဟီသရိုးလီဆိပ်၊ လင်ဒင်န်။

၅။ ဒါးလက်စ်အပြည်ပြည်ဆိုင်ရာ လီဆိပ်။

၆။ ထိုကျိုအပြည်ပြည်ဆိုင်ရာ လီ ဆိပ်။

၇။ ဖရင့်ဖေါ့ထ်လီဆိပ်၊ ဂျာမဏီ။

၈။ ဖဲရိစ်လီဆိပ်၊ ပြင်သစ်။

၉။ အပြည်ပြည်ဆိုင်ရာလီဆိပ်၊ ဆင်ဖရင်ဆိစ္စကို။

၁၀။ အမ်မ်စတာဒင်မ်သျှီဖိုလီဆိပ်၊ နယ်သာလင်န်။

Source: Airports Council International

## တွဲကတ်ဖို့လား ? ခွဲကတ်ဖို့လား? ခွဲပါဖို့! ခွဲပါဖို့!

တနိုင်ငံတည်းချင်းနိန်ကတ်စွာချင်း အတူတူ(တောင်–မြောက်အစဟိ သည်)ဒေသအပိုင်းလိုက်လူမဆန် စွာခွဲခြားဆက်ဆံမှုခံရခြင်း၊လူမျိုးစု နွယ်အလိုက်မလိုမုန်းထားစွာခွဲခြား ဆက်ဆံမှုခံရခြင်း၊လူ့အခွင့်အရေး နှင့်အခြားလွတ်လပ်မှုများမဟိသ လောက်နည်းပါးနိန်ခြင်း၊မြောက်ပိုင်း ဆူဒန်သားများလူ၁၀၀လျှင်၈၀ခန့် စာတတ်ပီတတ်ဖြစ်နိန်ချိန်၌တောင် ပိုင်းဆူဒန်သားများထဲတွင်လူ၁၀၀




လွတ်လပ်ရေးလိုလားသော ဆူဒန်တောင်ပိုင်းသားများ

လျှင်၁၅ယောက်လောက်ရာစာရွီးစာဖတ် တတ်မြောက်သည့်အနိန်အထားတွင် ဟိခြင်းအစဟိသည့်အခြေအနေများ ကြောင့်အေလထဲတွင်ပြုလုပ်သည့်ဆူဒန် တောင်ပိုင်းပြည်သူများ၏ ‘ခွဲရေး၊တွဲရေး’ ဆန္ဒမဲပီးပွဲ၌ပြည်သူ၉၅ရာနှုန်းကျော်သည် ‘ခွဲထွက်’ လိုကြောင်းမဲပီးလိုက်ကတ် ဗျာယ်ဖြစ်ရာပပုနန္ဒီးကမ္ဘာ့နိုင်ငံသစ်တခု ကမ္ဘာ့မြေပုံထဲမှာတိုးလာဖို့ဖက်သို့များနိန် သည်။ (ဘီဘီစီ၊စီအန်အန်၊၂၄နာရီ သတင်းများ)

# ဂျန်နျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၇– အသက် ၁၅ နှစ်အရွယ်ဟိသည့် ဖိလိပိန်းကျောင်းသားချေတဦးသည် သူ့အဘောင်မသည်၏ တိုက်တွန်းမှုကြောင့်ငါးဖမ်းထွက်လားရာသူ့ဘုတ်စက်ပျက်လားသဖြင့်ပင်လယ်ထဲတွင်မျောနိန်ရာမှ အေနိတွင် အသက်ရှင်လျှက်ပြန်တွိရကြောင်း ဒေသခံသတင်းတရပ်ကဆိုသည်။

၇– အက်ဖဂင်နီစထင်နိုင်ငံတွင်တာလီဘန်ပြောက်ကျားများ၏တိုက်ခိုက်မှုကြောင့်အာဖဂင်နိုင်ငံသား၁၇ယောက်ခန့်သီဆုံးလားသည်။

၇– စစ်ပွဲနယ်မြေမှသူရို့နိုင်ငံစစ်တပ်ရုပ်သိမ်းပြီး လ အနည်းချေအကြာတွင် နယ်သာလင်နိုင်ငံသည် အဖွဲ့ဝင် ၅၄၅ယောက်ပါသည့်ရဲတပ်လေ့ကျင့်ရေးအဖွဲ့တဖွဲ့ကိုအက်ဖဂင်နီစထင်သို့ပို့လွှတ်လားမည်ဖြစ်ကြောင်းဆိုသည်။

၇– နိုင်ငံတွင်းမြင့်တက်လာသည့်စားသုံးကုန်စည်ဈီးနှုန်းကြောင့် အခက်တွိသည့်ပြည်သူများကို ကူပံ့ရန်အလို့ငှါ သီရိလင်္ကာစစ်တပ်သည် ဈီးသက်သက်သာသာဖြင့် ဟင်းသီးဟင်းရွက်ရောင်းဝယ်မှုများကိုအေနိတွင် စတင်ဆောင်ရွက်သည်။

၇– အမေရိကန်ပြည်ထောင်စု၏ အလုပ်မဟိသူဦးရေသည် ပြီးခ သည့် ဒီဇိမ်ဘာလတွင် သိသိသာသာကျဆင်းမှုဟိသည်ဟုဆိုသည်။

၈– အာသျှဖလားဘောလုံးပြိုင်ပွဲ၊ အုပ်စုအေ၏ပထမပွဲစဉ်တွင် တရုတ်အသင်းသည် ကူဝိတ်အသင်းကို ၂ ဂိုး – ဂိုးမဟိဖြင့်အနိုင်ရသည်။

၈– ‘တွဲရေး ၊ ခွဲရေး’ လူထုသဖေါ်ထားဆန္ဒခံယူပွဲကို နက်ဖြန်ခါပြုလုပ်လားမည်ဖြစ်သည့်ဆူဒန်တောင်ပိုင်းတွင် စစ်သားများ၏ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူ ၄ ဦးသီဆုံးလားသည်။

၈– ဆိုမာလီယာနိုင်ငံအယ်လ်ဆဘာ့အိုက်စလမ်းမိအုပ်စုထိန်းချုပ်နယ်မြေ၌ အမျိုးသားများနှင့်အမျိုးသမီးများ လူအများရှိတွင် လက်ဆွဲနှုတ်ဆက်ခြင်းမပြုရဟု တားမြစ်ချက်တရပ်ထုတ်ပြန်သည်။

၈– အီရန်နိုင်ငံတွင်လားရောက်နိုင်ငံရေးခိုလှုံနိန်ရာမှပြန်ရောက်လာသည့် အမေရိကန်ဆန့်ကျင်သူ အီရတ်ခေါင်းဆောင် မိုတာဒါဆဒါ မှ အီရတ်အစိုးရသစ်အားကူညီကတ်ပါရန် အေနိတွင်တိုက်တွန်းပြောကြားသည်။

၉– အာသျှဖလားဘောလုံးပြိုင်ပွဲအုပ်စုဘီမှ အာသျှဖလားသုံးကြိမ်ချန်ပီယံဖြစ်ဖူးသူ ဂျပန်နိုင်ငံအသင်းနှင့် ဂျော်ဒန်အသင်းရို့ယှဉ်ပြိုင်ကတ်ရာတွင် တဖက်တဂိုးစီဖြင့် သရေကျလားကတ်သည်။

၉– ချီလီနိုင်ငံတွင် ငလျှင်လှုပ်မှု၊ ဆူနာမီမုန်းတိုင်းဝင်တိုက်မှုရို့ကြောင့် လူပေါင်း ၃၅၀ ခန့် သီဆုံးလားသည်ဟုဆိုသည်။

## အာသျှတိုက်

အာသျှတိုက်သည်ကမ္ဘာပေါ်တွင်အကျယ်အဝန်းအားဖြင့်လည်းကောင်း၊လူဦးရေအားဖြင့်သော်လည်းကောင်းအကြီးဆုံးသောတိုက်ဖြစ်သည်။ အာသျှတိုက်သည်ကမ္ဘာ့ကုန်းမြေဧရိယာ၏၃ပုံ၂ပုံခန့်ကျယ်ဝန်းပြီးကမ္ဘာ့လူဦးရေစုစုပေါင်း၏၅ပုံ၃ပုံခန့်သည်အာသျှတိုက်တွင်နိန်ထိုက်လျှက်ဟိသည်။ အာသျှတိုက်နိုင်ငံ၅၀ကျော်ထဲတွင်ရာသျှား၊တရုတ်၊အိန္ဒိယအစဟိသည့်ကမ္ဘာ့အကြီးဆုံးနိုင်ငံများမှသည်ဘာရိန်း၊စိန်ကာပူရို့ကဲသို့သောကမ္ဘာ့အငယ်ဆုံးနိုင်ငံများထိပါဝင်ကတ်ပါသည်။အာသျှတိုက်၏အဓိကစီးပွါးရေးသည်လယ်ယာနှင့်ခြံထွက်လုပ်ငန်းများပေါ်တွင်တည်မှီနိန်သိသော်လည်းဂျပန်၊ရာသျှား၊တရုတ်၊အိန္ဒိယ၊တောင်ကိုးရီးယား၊ထိုင်ဝမ်၊စိန်ကာပူစသောနိုင်ငံများမှာမူစက်မှုနှင့်နည်းပညာကုန်ထုတ်လုပ်ငန်းများဖက်သို့ကူးပြောင်းနိန်ဗျာယ်ဖြစ်ပါသည်။

ဝ္ဝိစးဒ္ဓထလဒ္ဒါဠ်ပဗငဗံးဗခငယထဒ္ဒနွှ်




### ကမ္ဘာတည် မကြွီပန်း

ရင်ထဲမှာပန်းတပွင့်သျှိရေ
နာမည်က ရက္ခိတာ။
ရီမြီ ဇာပိုင်ပင်ပြောင်းပါစီ
နလုံးသွီးနန့် ဖြန်းလို့လန်းရေ။
ယေဖူးနန့်
မင်းရို့ ငါရို့
ကမ္ဘာ့ဇာဒေါင့်မှာပင်တွိတွိ
ရင်ဖတ်ထဲထိ
လှမ်းကြည့်မိကတ်တေ ဆိုဖိ။

မင်းရင်ထဲမှာ ပန်းတပွင့်
ငါ့ရင်ထဲမှာ ပန်းတပွင့်
ဇာခါမညှိုးပွင့်လီယင့်။
အသွင်မကွဲ တရောင်တည်း
ရဲရဲနီနီ ဖူးတန်ချီလို့
လီအသော့မှာ ပျံ့ပျံ့မွီးကြိုင်
ရနံ့လှိုင်ကေ
မင်းလည်းကျေနပ် ငါလည်းဝမ်းသာ
ရာဇဝင်လည်း မင်္ဂလာ။ ။

ရခိုင်ရိုးမ ဂိစ္စပနန့်
လေးရပ်ဝတီ အခြေတည်ကေ
မြေဆီအနှစ် အမျိုးစစ်လို့
နှစ်ထောင်သိန်းသန်း
မညှိုးနွမ်းခ ‘ရက္ခိတ’။
ကမ္ဘာတည်ထိ ထာဝရ။
ငါရို့ရင်မှာ မွှီးမွှီးမြလေ
မွှီးမြမြ။ ။

ကျီးဖြူ

## ဂျန်နျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၉– အမေရိကန်ကာကွယ်ရေးဝန်ကြီး ရော်ဘာ့ဂိတ် သည် တရုတ်နိုင်ငံသို့ရောက်ဟိလားသည်။ တရုတ်နှင့်အမေရိကန်ကြားမှ အဖုအထစ်များဟိနိန်သည့် စစ်ရေးဆိုင်ရာဆက်သွယ်မှုများ၊ အာသျှအင်အားကြီးတရုတ်၏ အဆင့်မြင့်နည်းပညာသုံးလက်နက်ကိစ္စများကို အဓိကဆွေးနွေးဖြစ်ကတ်လိမ့်မည်ဟု ယူဆရကြောင်း သတင်းများကဆိုသည်။

၉– ဘရာဇီးနိုင်ငံသည် အေနှစ်ထဲတွင် နျူကလီးယားစွမ်အားထုတ်လုပ်သည့် ဓါတ်အားပီးရုံ ၄ ရုံခန့်ကို တည်ဆောက်လားမည်ဖြစ်ကြောင်း ဘရာဇီးစွမ်းအင်ဝန်ကြီးမှ ပြောဆိုသည်။

၉– အမေရိကန်ပြည်ထောင်စု၊ အရီဇိုးနားပြည်နယ် တူကဆွင် မြို့ဟိ ကုန်တိုက်ကြီးတခု၏ အပြင်ဖက်တွင် အရီဇိုးနားအောက်လွှတ်တော်အမျိုးသမီးအမတ်တဦးဖြစ်သူ ဂါဘရီလီဂီးဖေ့ါသည် ဒေသခံများနှင့် နှုတ်ဆက်စကားပြောဆိုနီစဉ်သေနတ်သမားတဦး၏ပစ်ခတ်ခြင်းကိုခံရကာဆီးရုံတင်ထားရသည်။ ဂါဘရီ နှင့်အတူအခြားပြည်သူ ၆ ယောက်ခန့် သေနတ်ဒဏ်ရာနှင့် သီဆုံးလားသည်။

၉– အိန္ဒလန်ဘောလုံးအကျော်အမော် ဒေးဗိဘက်ခမ်းရို့ဇနီးမောင်နှံသည် လာမည့်နွှီရာသီတွင် သူရို့၏ စတုတ္ထမြောက်အချေကို ဖွါးမြင်ဖြစ်မည်ဟုဆိုသည်။

၉– မငြိမ်မသက်မှုများ၊ အကြမ်းဖက်မှုများဟိနိန်သည့်တိုင် ဆူဒန်နိုင်ငံတောင်ပိုင်းသားများသည်သူရို့၏လွှတ်လပ်ရေးအကြိုမဲပီးပွဲတွင်သိန်းပေါင်းများစွာသော ပြည်သူများက အေနိတွင်စတင်မဲထည့်ကတ်သည်။

၁၀– တရုတ်နိုင်ငံ၏ကုန်သွယ်ရေးပိုငွေပြမှုသည်ဒီဇိမ်ဘာလအတွင်းတွင်သိသိသာသာလျော့ကျမှုများဟိကြောင်းနှင့် တရုတ်သမ္မတဟူကျိန်းတောင်၏လာမည့်အပတ်တွင်ပြုလုပ်မည့်ဝါသျှိန်တန်ခရီးစဉ်၌ကုန်သွယ်ရေးကိစ္စရပ်များကိုပိုမိုဆွေးနွေးနိုင်ဖွယ်ဟိကြောင်းသတင်းများကဆိုသည်။

၁၀– နယ်စပ်တွင်ဗုံးခွဲမှုပြုလုပ်ပြီး၂ လခန့်အကြာတွင်ကမ်းလှမ်းသည့်မြောက်ကိုးရီးယား၏ဆွေးနွေးရန်ကမ်းလှမ်းချက်အပေါ် တောင်ကိုးရီးယားမှ ပါယ်ချလိုက်သည်။

၁၀– နိုင်ငံရေးတည်ငြိမ်မှုပိုမိုအားနည်းလာသည့်အိုင်ဗရီခို့စ်နိုင်ငံမှမိမိရို့နိုင်ငံသားများထွက်ခွါလားကတ်ရန် အမေရိကန်ပြည်ထောင်စုသံရုံးမှ တိုက်တွန်းနှိုးဆော်လိုက်သည်။

၁၀– ဆူဒန်တောင်ပိုင်း၏လွှတ်လပ်ရေးရယူမည့်ရွီးကောက်ပွဲတွင်ပထမနိတရက်တည်း၌ပင်မှတ်ပုံတင်ထားသူဦးရေ၏ ၂၀ ရာနှုန်းသည်ဆန္ဒမဲများပီးထားကတ်ပြီးဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟယ်လာရီခလိန်တန်ကအေသျှောင်ရွီးကောက်ပွဲပြုလုပ်ခွင့်ပီးသည့်အတွက်ဆူဒန်အစိုးရ၏သဖေါထားကြီးမှုအပေါ်ချီးကျူးပြောဆိုလိုက်ပြီး အခြားအာရပ်နိုင်ငံများအားလည်းအားပီးထောက်ခံမှုပြုကတ်ရန်တိုက်တွန်းလိုက်သည်။

“တော်လှန်ရေးသမားတယောက်(သို့မဟုတ်) တော်လှန်ရေးအဖွဲ့အစည်းတခု၏ အကျင့်စာရိတ္တဆိုစွာတခုနန့်တခုဆက်စပ်နိန်ရေအသွင်လက္ခဏာနှစ်ရပ်ဟိပါရေ။စကားလုံးအားဖြင့်ကျင့်ဝတ်သိက္ခာသဖောသက်ရောက်တေအကျင့်စာရိတ္တနန့်သူရဲကောင်းပီသရေ၊စွန့်လွှတ်တေသဖောသက်ရောက်တေအကျင့်စာရိတ္တရို့ပင်ဖြစ်တေ၊ဇာတော်လှန်ရေးသမား၊ဇာတော်လှန်ရေးအဖွဲ့အစည်းမဆိုကောင်းမွန်ထူးကဲစီဖို့ဆိုဂေယင်းစာရိတ္တနှစ်ရပ်လုံးဟိရဖို့ဖြစ်တေ”

***ဗီဒယ်ကတ်စထရို***

## သဒ္ဒါတရားအားကောင်းကေ လောင်ပေါ်အများကြီးပေါက် (စီအန်အန်)

*ဝါသျှိန်တန်ပြည်နယ်မှ ဂျိမ်နှင့်ခယ်ရှိလိန်းမက္ကျူလာရို့ ဇနီးမောင်နှံသည်အမေရိကန်ပြည်ထောင်စုလောင်ပေါ်အမေရိကန်ဒေါ်လာသန်း၃၈၀ပေါက်သည်။ မိဆက်စ်ခယ်ရှိလိန်းက မီဒီယာနှင့်ပြောဆိုရာတွင်“တရက်ရက်မှာဒေသျှောင်မျိုးလောင်ပေါ်ကြီးပေါက်ဖို့လို့ အကျွန့်မှာ ယုံကြည်ချက်ဟိပါရေ။ ယုံကြည်ရေ အတိုင်းလည်းအေဂုပေါက်ပါရေယေ။ အကျွန်ရို့အားလုံးအတွက်(တစုံတရာအပေါ်)ယုံကြည်မှုစွာကကောင်းအရေးတကြီးလိုအပ်ချက်ဖြစ်ပါရေ” ဟုဆိုပါသည်။မက္ကျူလာရို့လင်မယားနှစ်ယောက်ပေါက်တေလောင်ပေါ်နံပါတ်မှာ (၄ ၊ ၈ ၊ ၁၅ ၊ ၂၅ ၊ ၄၇ ၊ ၄၂) ဖြစ်သည်။*




(အမေရိကန်ဒေါ်လာ သန်း ၃၈၀ ထီပေါက် သော မက္ကျူလာရို့ဇနီးမောင်နှံ)

***အာတိတ်သမုဒ္ဒရာ***

အာတိတ်သမုဒ္ဒရာသည် ကမ္ဘာပေါ်ဟိသမုဒ္ဒရာများ အနက်အငယ်ဆုံးဖြစ်သည်။ ဧရိယာစတုရန်းမိုင်ပေါင်း ၅၄၄၀၀၀၀(၁၄၀၉၀၀၀၀ စတုရန်းကီလိုမီတာ)ဟိသည်။မြောက်ဝင်ရိုးစွန်းသည် အာတိတ်သမုဒ္ဒရာ၏ အလယ်ဗဟိုနားတွင်တည်ဟိသည်။ နော်ဝေနိုင်ငံ၊ရာသျှားနိုင်ငံ၊ အလာစကာပြည်နယ် (အမေရိကန်) နှင့် ခယ်နေဒါနိုင်ငံရို့၏ အစိတ်အပိုင်းများသည်အာတိတ်သမုဒ္ဒရာနှင့်ထိစပ်လျှက်တည်ဟိသည်။

## ဂျန်နျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၂– ဘီနိန်းနိုင်ငံ၏သမ္မတရွေးကောက်ပွဲများကိုဖေဖော်ဝါရီလ ၂၇ ရက်နိတွင်ပြုလုပ်မည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

၁၂– နိုင်ငံတွင်းမငြိမ်သက်မှုများကြောင့်တူနီးသျှားနိုင်ငံမြို့တော်တူနီးစ်တွင်ညဉ့်မထွက်ရအမိန့်ထုတ်ပြန်လိုက်သည်။

၁၂– လူ့ကျောက်ကပ်များအရောင်းအဝယ်လုပ်မှုဖြင့်ဆီးဖက်ဆိုင်ရာပါရဂူတဦးကို ကော်ဆိုဗိုနိုင်ငံတွင်အေနိဖမ်းဆီးလိုက်သည်။

၁၂– ဂျာမဏီနိုင်ငံ၏စီးပွါးရေးသည်၂၀၁၀ခုနှစ်တွင်ပြန်လည်မြင့်တက်လာခပြီးမြင့်တက်နှုန်းမှာ ၃.၆ ဟိသည်ဟုဆိုသည်။

၁၂– ဘရာဇီးနိုင်ငံတွင်ရီကြီးမှုများဆက်လက်ဖြစ်ပွါးနိန်ပြီးလူအသီအပျောက်မှာ ၆၀ ခန့်ဟိကြောင်းသတင်းများတွင်ဖေါ်ပြသည်။

၁၂– အာသျှဖလားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များ၌မြောက်ကိုးရီးယားသည် အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့်ဂိုးမဟိဒရှင်ကျလားသည်။ မြောက်ကိုးရီးယားအသင်းသည် အီရန်အသင်း၊ အီရတ်အသင်းများနှင့်ကျောက်ရန်ဟိနိန်သည်။

၁၃– အာသျှဖလားဘောလုံးပြိုင်ပွဲ၏အုပ်စုပွဲစဉ်များဆက်လက်ကျောက်နီကတ်ရာ ဂျော်ဒန်အသင်းသည် ဆိုဒီအာရေးဗီးယားအသင်းကို ၁–၀ ဖြင့်အနိုင်ရလိုက်သဖြင့်အေဂုအခါအာသျှချန်ပီယံ၃ကြိမ်ဖြစ်ဖူးသည့်ဆိုဒီအာရေးဗီးယားသည် ပြိုင်ပွဲမှထွက်လားရဗျာယ်ဖြစ်သည်။

၁၃– အာသျှဖလားဘောလုံးပြိုင်ပွဲအုပ်စုအေတွင်ကာတာအသင်းသည်တရုတ်အသင်းကို၂–၀ဖြင့်အနိုင်ရသည်။

၁၃– မကြာခင်ကဖြစ်ပွါးခသောတိရစ္ဆာန်စားသောက်ကုန်အဆိပ်အတောက်ဖြစ်မှုတခုအပေါ်အခြီခံလျှက် ဂျာမဏီ၏ပို့ကုန်များအပေါ် သံသယဟိကြောင်း ဂျပန်ကထုတ်ဖေါ်ပြောဆိုသည်။

၁၃– ဗမာ့ဒီမိုခရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည်စစ်တပ်တရားစီရင်ရေးရုံးသို့အေနိတွင်ရောက်ဟိသည်။

၁၃– အမေရိကန်သမ္မတဟောင်းဂျိမ်မီကာတာသည် ဆူဒန်၏ကြွီးမြီဒေါ်လာ ၃၉ ဘီလီယံအပေါ်ကမ္ဘာ့အသိုင်းအဝန်းအနိန်ဖြင့်လျှော်ပစ်ကတ်ပါရန်နှင့်တောင်နှင့်မြောက်ဆူဒန်၏အနာဂါတ်တွင်ယင်းကိစ္စကိုပြဿနာတရပ်အဖြစ်မှနုတ်ပါယ်လားနိုင်ရန်ဖြစ်ကြောင်းပြောဆိုလိုက်သည်။



**ဖရန်ကလိန်ဒီလာနိုရူစဗဲ့**

*(၃၂ ယောက်မြောက်အမေရိကန်သမ္မတ)*

**မွီးနိ**။ ။ ဂျန်နျူဝါရီ ၃၀၊ ၁၈၈၂။

**ဘဝသက်တမ်း**။ ။ ၁၈၈၂–၁၉၄၅။

**မွီးရပ်**။ ။ ဟိုက်ဒါဖ့်ရ်ခ်၊ နယူးယော့ရ်ခ်။

**အမိ**။ ။ စယ်ရာရူစဗဲ့။

**အဖ**။ ။ ဂျိမ်းစ်ရူစဗဲ့။

**မယား**။ ။ အီလိန်နာရူစဗဲ့။

**သားသမီးများ**။ ။ အင်နာအီလိန်နာ၊ ဂျိမ်းစ်၊ ဖရန့်ကလိန်ဒီလာနိုဂျူနီယာ(၁၉၀၉ မှာဆုံးပါး)၊ အဲလီယော့၊ ဖရန့်ကလိန်ဒီလာနိုဂျူနီယာ (၁၉၁၄ဖွါး)၊ ဂျွင်။

**နာမည်ပြောင်**။ ။ အက်ဖ်ဒီအာရ်။

**တက္ကသိုလ်**။ ။ ဟားဗာ့၊ ခိုလင်ဘီယာဥပဒေကျောင်း။

**အသက်မွီးအလုပ်အကိုင်**။ ။ ရှိနီ၊ ဘဏ်အရာဟိ။

**နိုင်ငံရေးလုပ်သက်**။ ။ နယူးယော့လွှတ်တော်အမတ်၊ ရီတပ်တွဲဖက်အတွင်းဝန်၊ နယူးယော့ပြည်နယ်အုပ်ချုပ်ရေးမှူး၊ သမ္မတ။

**ပါတီ**။ ။ ဒီမိုခရက်ထိခ်။

**ဒေသခံပြည်နယ်**။ ။ နယူးယော့။

**သမ္မတရွီးကောက်ပွဲသက်တမ်းတလျှောက်အတိုက်အခံများ**။ ။ ဟားဗာ့စီဟူးဗား (၁၉၃၂)၊ အဲလ်ဖရက်အမ်လင်ဒင် (၁၉၃၆)၊ ဝင်းဒါးလီဝီဝီကီ (၁၉၄၀)၊ ထောမာ့စ်အီးဒေဝေ (၁၉၄၄)။

**သမ္မတသက်တမ်း**။ ။ မတ် ၄၊ ၁၉၃၃ မှ အေပရယ် ၁၂၊ ၁၉၄၅။ (သမ္မတအဖြစ်စတုတ္ထမြောက်သက်တမ်းကာလအတွင်းတွင်ကွယ်လွန်သည်။)

**ဒုတိယသမ္မတများ**။ ။ ဂျွင်နန့်စ်ဂါနာ၊ ဟိန်နရီဝေါလေ့စ်၊ ဟယ်ရီအက်စ်ထရူးမန်း။

## ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကိုလီယိုနေမက်ဆီရဟိ



*၂၀၁၀ ခုနှစ်၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား လီယိုနေမက်ဆီ*

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏၂၀၁၀ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို အာဂျိန်ထီးနားနှင့်ဘာစေလိုးနားအကျော်အမော်လီယိုနေမက်ဆီ ရဟိလားသည်။ “ဒေဆုရဟိမှုအတွက် အကျွန်အံ့သြမိပါရေ၊ဒေဆုကိုအကျွန်ရေအကျွန့်မိတ်ဆွီသူငယ်ချင်းတိ၊အကျွန့်မိသားစု၊ ဘာစေလိုးနားပရိတ်သတ်အားလုံးအပြင်အာဂျိန်ထီးနားနိုင်ငံသားအားလုံးနန့်အတူမျှဝီပါရေ”ဟုဆုယူပွဲတွင်မက်ဆီက ပြောကြားလားပါသည်။မက်ဆီနှင့်အတူ အကောင်းဆုံးအမျိုးသမီးဘောလုံးသမားဆုကို ဘရာဇီးတိုက်စစ်မှူးမာတာ ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားနည်းပြဆုကိုအိန်တာမီလန်နည်းပြဟိုဆေးမူရိန်နိုကလည်းကောင်း၊အကောင်းဆုံးအမျိုးသမီးနည်းပြဆုကိုဂျာမဏီမှစီဗီးယားနီးကလည်းကောင်းအသီးသီးရဟိလားကတ်သည်။ (ဘီဘီစီ၊ ဖော့က်စ်)

## ဇန်နဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၃– အမေရိကန်သမ္မတဘာရာ့ခ်အိုဘားမားနှင့်မိသားစုသည်အရီဇိုးနားပြည်နယ်သေနတ်ပစ်မှုတွင်သီဆုံးလားသည့်မိသားစုဝင်များ၏ ဝမ်းနည်းမှုအခမ်းအနားသို့တက်ရောက်ကတ်သည်။

၁၃– အမေရိကန်ပြည်ထောင်စု၏စီးပွါးရေးသည်အတိုင်းအတာတခုထိပြန်လည်တိုးတက်လျှက်ဟိနိန်ကြောင်းပြည်ထောင်စုဗ္ဗဟိုကြီး၌ါနမှပြောဆိုသည်။

၁၃–ဩစတြေးလျား၊ဘရာဇီး၊ကိုလံဘီယာနှင့်သီရိလင်္ကာနိုင်ငံများတွင်ရီကြီးမှုများဆက်လက်ဖြစ်ပွါးနိန်သည်။

၁၄– အာသျှဖလားဘောလုံးပြိုင်ပွဲတွင်ဂျပန်သည်ဆီးရီးယားအပေါ် ၂–၁ ဖြင့်အနိုင်ရသော်လည်း၄င်း၏ဂိုးသမားအီဂျီကာဝါသျှီမာအားအနီကဒ်ပြမှုအပေါ်ကာကွယ်ပြောဆိုလားမည်ဖြစ်ကြောင်းဂျပန်နည်းပြကဆိုသည်။

၁၄– ဂျပန်ဝန်ကြီးချုပ်နောင်တိုကန်သည် နိုင်ငံ၏စီးပွါးရေးတိုးတက်မှုအတွက်လွတ်လပ်သောဈီးကွက်ဖေါ်ဆောင်ရေးတွင်ပိုမိုအထောက်အကူပြုစီရန်အလို့ငှါ ဝန်ကြီးအဖွဲ့ထဲတွင်လူသစ်များထည့်သွင်းစီမံသည်။

၁၄– အကယ်၍သာ တောင်ပိုင်းဆူဒန်၏လွတ်လပ်ရေးအတွက်ပြည်သူများဆန္ဒမဲပီးမှုများအပေါ် ဆူဒန်မြောက်ပိုင်းမှလက်ခံမည်ဆိုပါကအမေရိကန်ပြည်ထောင်စုသည်ဆူဒန်နိုင်ငံအား၄င်း၏အကြမ်းဖက်နိုင်ငံများစာရင်းထဲမှထုတ်ပါယ်ပီးမည်ဖြစ်ကြောင်းတာဝန်ဟိပုဂ္ဂိုလ်များကဆိုသည်။

၁၄– နိုင်ငံတွင်းဆန္ဒပြမှုများ၊မငြိမ်မသက်မှုများဆက်တိုက်ဖြစ်ပွါးပြီးနောက်တူနီးသျှားသမ္မတသည်နိုင်ငံအရေးပေါ်အခြေအနေတရပ်ကို အေနိတွင်ကြေ်ငြာလိုက်သည်။

၁၄– အာဂျိန်ထီးနားသမ္မတ ခရီစတီနာဖာနန်ဒက်၏မကြာခင်လားရောက်လည်ပတ်မည့် အရှိအလယ်ပိုင်းခရီးစဉ်တွင်သုံးစွဲရန်ပျင်ဆင်ထားသည့် အမေရိကန်ဒေါ်လာ ၈၀၀၀၀ အေနိတွင်အခိုးခံရသည်။

၁၄– ဥရောပဇုန်၏ဗ္ဗဟိုကြီးဈီးနှုန်းမြင့်တက်မှုနှုန်းသည်ပြီးခသည့်ဒီဇင်ဘာတွင်၂.၂ရာနှုန်းထိဟိကြောင်းစီးပွါးရေးသတင်းရပ်ကွက်ကဆိုသည်။

၁၅– အာသျှဖလားဘောလုံးပွဲစဉ်များတွင် တောင်ကိုးရီးယားသည်ဩစတြေးလျားနှင့် ၁–၁ ဒရှင်ကျသည်။

၁၅– အာသျှဖလားချန်ပီယံ ၃ ကြိမ်ဖြစ်ဖူးသည့်အီရန်နိုင်ငံသည် မြောက်ကိုးရီးယားကို ၁–၀ နှင့်နိုင်ပြီးနောက် ၂၀၁၁ အာသျှဖလားကွာတားဖိုင်နယ်သို့တက်ရောက်လာသည်။

၁၅– မြောက်ကိုးရီးယား၏ ယူရေနီယံထုတ်လုပ်နီမှုကိစ္စအပေါ် ကမ္ဘာ့ကုလသမဂ္ဂအနိန်ဖြင့်ကိုင်တွယ်စီလိုကြောင်း တောင်ကိုးရီးယားသမ္မတကပြောဆိုလိုက်သည်။

၁၅– တောင်ပိုင်းဆူဒန်၏ *‘လွတ်လပ်ရေးသို့ ’*တပါတ်ကြာရွီးကောက်ပွဲသည်အေနိတွင်ပြီးဆုံးလားပြီး မဲများကိုစတင်ရီတွက်နိန်ဗျာယ်ဖြစ်သည်။

၁၅– အီတလီဝန်ကြီးချုပ်သည်ဆယ်ကျော်သက်ဗီးဗီမတယောက်နှင့်လိင်ကိစ္စအယှုပ်တော်ပုံဖြစ်ပေါ်ပြီးနောက် အေနိတွင်စတင်စုံစမ်းစစ်ဆေးမှုများပြုလုပ်နိန်ဗျာယ်ဖြစ်သည်။

၁၅– ၂၀၁၂ ခုနှစ်တွင်လန်ဒန်မြို့တော်၌ကျင်းပမည့်အပြည်ပြည်ဆိုင်ရာအိုလံပစ်ပွဲတော်အတွက်လက်မှတ်များကို အေဂုနှစ် မတ်လတွင်စတင်ရောင်းချလားမည်ဖြစ်ကြောင်းသိဟိရသည်။

၁၆– ဆယ်ကျော်သက်တယောက်နှင့်လိင်ဆက်ဆံမှုကိစ္စသည် သူ့အပေါ်မလိုမုန်းထားစွပ်စွဲချက်များဖြစ်ကြောင်း အီတလီဝန်ကြီးချုပ်ဘာလိုစကိုနီကငြင်းဆိုပြောကြားလိုက်သည်။

၁၆– လက်ဘနွန်ဝန်ကြီးချုပ်ဟောင်းရာဖိခ်အရီရီလုပ်ကြံခံရသည့်၂၀၀၅ ခုနှစ်မှစ၍သံအမတ်ခန့်အပ်ထားခြင်းမဟိသောအမေရိကန်ပြည်ထောင်စု၏ဖြနှစ်တာအတွင်းပထမဆုံးသံအမတ်သည်လက်ဘနွန်နိုင်ငံသို့အေနိတွင်ရောက်ဟိလာသည်။

**သိထားသင့်သော**

**အင်္ဂလိပ်ဘာသာအတိုကောက်များ**

A.D. – *Anno Domini*

(ခရစ်တော်ပေါ်ပြီးကာလ)

B.C. – *Before Christ*

(ခရစ်တော်မပေါ်ခင်ကာလ)

aka – *also known as*

(––––ဟုလည်းခေါ်ကတ်သည်)

ABC – *American Broadcasting Company*

(အမေရိကန်အသံလွှင့်ကုမ္ပဏီ)

Ave., Av. – *Avenue*

(ရိပ်သာ၊ ရိပ်သာလမ်း)

assn., assoc – *association*

အစည်းအရုံး

asst. – *assistant*

(လက်ထောက်၊ တွဲဖက်)

att., - *attorney*

(ရှိနီ၊ ဥပဒေပညာသျှင်)

attn – *attention*

(ဂရုပြုပါ၊ အရေးစိုက်ပါ၊ အာရုံစိုက်ပါ။)

b. – *born*

(မွီးဖွါးခြင်း၊ မွီးဖွါးသည်။)

B.A. – *Bachelor of Arts*

(ဝိဇ္ဇာဘွဲ့)

BBC – *British Broadcasting Corporation*

(ဗြိတိသျှအသံလွှင့်ဌါန)

bldg. – *building*

(အဆောက်အအုံ)

blvd. – *boulevard*

(လမ်း)

***ဆက်လက်ဖေါ်ပြလားပါမည်။***

# ဂျန်နျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ

၂၉– အမေရိကန်အမျိုးသားအာကာသအေဂျင်စီ(နာဆာ)မှအရာဟိကြီးများသည်ဖလော်ရီဒါဟိကနေဒီအာကာသစခန်းမှ၌ချယ်လိန်ဂျာအာကာသလွှန်းပျံယဉ်ပေါက်ကွဲသည့်၂၅နှစ်မြောက်အထိမ်းအမှတ်အဖြစ်လာရောက်စုရုံးကတ်သည်။

၃၀– ဖမ်းဆီးခံဆိုမာလီဖိုင်းရိ၅ယောက်ရှိသည်တောင်ကိုးရီးယားနိုင်ငံတရားရုံး၏တရားစီရင်ချက်များအတိုင်းပြစ်ဒဏ်ကျခံလားကတ်ရမည်ဖြစ်ရာအပြည်ပြည်ဆိုင်ရာပြဿနာတရပ်ကိုတရားနည်းလမ်းကျစွာဖြေသျှင်းနိုင်မည့်နည်းလမ်းဖြစ်လာမည်ဖြစ်ကြောင်းနိုင်ငံတကာသံတမံအသိုင်းအဝန်းကမျှော်လင့်နိန်ကတ်သည်။

၃၀– အီဂျိနိုင်ငံတွင်အစိုးရအားဆန့်ကျင်သည့်သပိတ်မှောက်ဆန္ဒပြမှုများအကြီးအကျယ်ဆက်လက်ဖြစ်ပွါးနိန်ရာအီဂျိသမ္မတဟော့စနီမူဘာရာ့အနိန်ဖြင့်ပြဿနာကိုတရားနည်းလမ်ကျစွာကိုင်တွယ်ဖြေသျှင်းလားရန်ကမ္ဘာ့ဂေါင်းဆောင်များစွာ၏ဖိအားပီးတိုက်တွန်းမှုကိုခံနိန်ရသည်။

၃၀– ဩစတြေးလျအိုးဖန်းထန်းနိစ်ပြိုင်ပွဲအမျိုးသားဖိုင်နယ်တွင်ဆာဗီးယားမှဒီဂျာကိုဗိသည်ဗြိတိန်မှအန်ဒီမာရီကို ၆–၄ ၊ ၆–၂ ၊ ၆–၃ ဖြင့်အနိုင်ရဗိုလ်စွဲလားသည်။

၃၁– ဇမာပြည်တွင်စစ်တပ်ထိန်းချုပ်ထားသည့်ပြည်သူ့လွှတ်တော်သစ်ကိုအေနိတွင်ဖွင့်လှစ်လိုက်သည်။

၃၁– မကြာခင်ကမလေးသျှားရီတပ်မှဖမ်းဆီးလိုက်သည့်ဆိုမာလီဖိုင်းရိ၇ယောက်သည်တရားရုံးမှပြစ်ဒဏ်ကျခံရန်အလို့ငှါမလေးသျှားနိုင်ငံသို့အေနိတွင်ရောက်ဟိလာသည်။

၃၁– အီဂျိနိုင်ငံတွင်ထောင်ပေါင်းများစွာသောပြည်သူများဆက်လက်ဆန္ဒပြနိန်ကတ်ရာသမ္မတမူဘာရာ့ကပြည်ထဲရေးဝန်ကြီးအားအလုပ်ဖြုတ်လိုက်သည်။

၃၁– ဗိန်နီဇွဲလားနိုင်ငံတွင်စစ်ဖက်လက်နက်ခဲယမ်းသိုလှောင်ရုံတခုပေါက်ကွဲမှုဖြစ်ပွါးရာ၁ဦးသီဆုံးပြီးထောင်ပေါင်းများစွာသောအခြားပြည်သူများကိုဘေးလွှတ်ရာသို့ရွှိပြောင်းထားကတ်ရသည်။

၃၁– အမေရိကန်ပြည်သူများသုံးစွဲမှုသည်ကုန်ခသည့်၂၀၁၀ခုနှစ်တွင်၃နှစ်တာအတွင်းအမြင့်ဆုံးဖြစ်သည်ဟုသတင်းများတွင်ဖေါ်ပြသည်။

**'နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်' ဝယ်ယူအားပီးသူများ၊ကူညီဖြစ်နှ့်ချီပီးသူများနှင့်ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးအပေါင်းအားအထူးကျေးဇူးတင်ဟိကြောင်းမှတ်တမ်းတင်အပ်ပါသည်။**

**အေသတင်းစဉ်ဝယ်ယူအားပီးချင်သူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာအရောင်းကိုယ်စားလှယ်များမှတဆင့်ဆက်သွယ်ဝယ်ယူနိုင်ကတ်ပါရေ။ကျေးဇူးတင်ပါရေ။**

**ကိုကျော်သိန်း (ချီကာဂို)**

**(ဖုန်း) ၇၇၃–၄၁၄–၂၈၁၃**

**ကိုဦးသိန်းမောင် (အိုင်အိုဝါ)**

**(ဖုန်း) ၅၁၅–၃၂၆–၄၆၂၂**

**ကိုအောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)**

**(ဖုန်း) ၄၁၂–၄၀၃–၇၈၂၂**

**ကိုစောသိန်းမောင် (ချီကာဂို)**

**(ဖုန်း) ၆၃၀–၇၄၉–၈၀၈၃**

**ဂိုးချေ (ယူတား)**

**(ဖုန်း) ၈၀၁–၅၁၂–၁၀၃၆**

**ကိုရန်အောင် (ဘာဖဲလို)**

**(ဖုန်း) ၇၁၆–၂၃၅–၇၀၉၂**

**Sources:** (သတင်းနှင့်အချက်အလက်များကို အောက်ဖေါ်ပြပါသတင်းဌါနများနှင့် စာအုပ်စာတမ်းများမှ စုဆောင်းရယူပါသည်။)


http://www.bangkokpost.com/news/

http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/

Time Magazine

Oxford Essential Biographical Dictionary

ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

The New York Times Alamanac (2007)

The New Book of Knowledge (2005)


Student Discovery Encyclopedia (2003)

Countries of the World and Their Leaders Yearbook (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents



## ကမ္ဘာ့ဂေါင်းဆောင်များကဏ္ဍ

# ဒေါက်တာမာတိန်လူသာကိန်း ဂျူနီယာ

အမေရိကန်သမိုင်း၊၂၀ရာစုသမိုင်းအတွက်သာမက၊ကမ္ဘာ့သမိုင်း၏အထင်ကရလူသားများထဲတွင် တယောက်အပါအဝင်ဖြစ်သည့်အကြမ်းမဖက်အနုနည်းဖြင့်လူမဲလူထုလှုပ်သျှားမှုကိုဦးစီးသည့် လူမဲခေတ်ပညာတတ်ဂေါင်းဆောင် ဒေါက်တာမာတိန်လူသာကိန်းဂျူနီယာကို ၁၉၂၉ခုနှစ်၊ဂျန်နျူဝါရီလ၁၅ရက်နိတွင်အမေရိကန်ပြည်ထောင်စု၊ဂျော်ဂျီယာပြည်နယ်၊အတ္တလင်တာတွင်ဖွါးမြင်ခပါသည်။သူ၏အဖိုးနှင့်အဖရှိ့မှာခရိယံတရားဟောဆရာကြီးများဖြစ်ကတ်ပြီးမာတိန်လူသာသည်လည်းထိုအဖိုး၊ အဖရှိ့၏ခြီရာကိုနင်းပနာတရားဟောခမ္မဆရာဖြစ်လာခလီသည်။



မာတိန်လူသာသည်လူဖြူ– လူမဲခွဲခြားဆက်ဆံမှုဟိသည့် ဂျော်ဂျီယာကျောင်းများတွင်ကျောင်းတက်ကာ အသက်၁၅နှစ်တွင်အထက်တန်းအောင်မြင်ပြီး၁၉၄၈ ခုနှစ်တွင် မိုးဟောက်စ်ကောလိပ်မှဘီအေဘွဲ့ကိုရဟိခလီသည်။ ထိုနောက်တွင်ပိန်ဆယ်ဗေးနီးယားပြည်နယ်၊ ချက်စတာဟိဘာသာရေးဆိုင်ရာတက္ကသိုလ်တခုဖြစ်သည့် ‘ခရော့ဇာ’ တွင် ဆက်လက်ပညာဆည်းပူးသည်။ သူ၏စကားပြောကောင်းလွန်းသည့်စွမ်းရည်ကြောင့် လူဖြူကျောင်းသားများကြီးစိုးချယ်လှယ်ထားသည့် ခရော့ဇာတက္ကသိုလ်ကျောင်းသားများဥက္ကဌအဖြစ် ရွီးကောက်တင်မြှောက်ခြင်းခံခရလီသည်။ မာတိန်လူသာသည်အဆိုပါတက္ကသိုလ်မှ ၁၉၅၁ခုနှစ်တွင်နောက်ထပ်ဘွဲ့တခုကို ထပ်မံရယူပြီးနောက်ဘော့စထွင်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားပြန်သည်။ သို့ဖြင့် ၁၉၅၅တွင်လူသားများနှင့်ဖုရားသခင်၏ဆက်သွယ်ချက်များကို လေ့လာအခြေခံရွီးသားထားသည့်စာတမ်းဖြင့်ဘော့စထွင်တက္ကသိုလ်မှပါရဂူဘွဲ့ကိုရဟိခလီသည်။ အမှန်မှာအေကာလများအတောအတွင်းတွင် အသားမဲသည့်အတွက် အနိမ်ခံရသလောက်၊ ဘာသာတရားလည်းကိုင်းသျှိုင်း၊ အဆင့်မြင့်ပညာရပ်များကိုလည်းနှစ်နှစ်ခြိုက်ခြိုက်ဆည်းပူးနိန်သည့်မာတိန်လူသာကိန်း၏နှလုံးသား၌အိန္ဒိယမှမဟတ္တမဂန္ဒီ၏ ‘အကြမ်းမဖက်အနုနည်းဖြင့်တိုက်ပွဲဝင်ခြင်း’ ဥပဒေ၊နည်းနာနိဿယများ၏လေးနက်မှု၊လူသားဆန်မှု၊မြင့်မြတ်မှုသဖေါတရားများလေးလေးနက်နက်ကိန်းဝပ်နိန်ခဗျာယ်ဖြစ်ပါသည်။

ဒေါက်တာမာတိန်လူသာကိန်းသည် ဘော့စထွင်၌အယ်လ်ဘားမားမှုဂီတကျောင်းသူတဦးဖြစ်သည့် ခိုရီတာစကောက်နှင့်တွိဆုံ၊လပ်ထပ်ကာသားသမီး၄ယောက် ထွန်းကားသည်။

၁၉၅၅ခုနှစ်၊ဒီဇိမ်ဘာ(၁)ရက်နိတွင်အများပြည်သူဘာ့စကားထက်၌ဖြစ်ပွါးသည့် လူဖြူ–လူမဲခွဲခြားဆက်ဆံလွန်းသည့်အဖြစ်အပျက်က ဒေါက်တာကိန်းအားလူမည်းတိုက်ပွဲဝင်ဂေါင်းဆောင်တဦးဖြစ်လာစီခပါသည်။ယင်းနိ၌လူမဲအမျိုးသမီးတဦးဖြစ်သူရိုစာဖ့ါခ်သည်ဘာ့စကားထက်တွင်ထိုင်စီးနိန်စဉ်လူဖြူအမျိုးသမီးတဦးဘာ့စကားထက်သို့တက်လာ၏။ ဘာ့စကားထိုင်ခုံများ အားလုံးတွင်လူအပြည့်ထိုင်လျှက်ဟိသည်။ ထုံးစံအတိုင်းဆိုလျှင် (အားလုံးဖေသာပီးရချင်း အတူတူ) ဘာ့စကားထက်သို့လူဖြူတက်လာလျှင်လူမဲကနေရာမှထပီးရပါသည်။ယင်းနိတွင်ရိုစာဖ့ါခ်သည်ထိုင်ရာမှမထ။ ပြဿနာကယင်းက စပါသည်။ လူဖြူကိုထိုင်ရာထမပီးသည့်အတွက်အဆိုပါလူမဲအမျိုးသမီးအဖမ်းခံရပါသည်။ယင်းအဖြစ်ကိုမကျေနပ်၍ဥပဒေဘောင်အတွင်းမှဆန့်ကျင်လိုသည့်မောင်ဂိုမာရီဟိလူမဲများစုစည်းကတ်ရာသူရို့အားလုံးကဒေါက်တာကိန်းကိုသူရို့ဂေါင်းဆောင်အဖြစ်တညီတညွတ်တည်းရွီးချယ်ကတ်ပါလီသည်။ သူရို့အဖွဲ့ဘာ့စကားသပိတ်မှောက်မှု၊လူမဲဆန္ဒပြမှုများကိုဦးဆောင်သည်။ အဖမ်းခံရသည်။ လှုပ်သျှားသည်။ အဖမ်းခံရသည်။

ယင်းသို့ဖြင့်၁၉၅၇ခုနှစ်နောက်ပိုင်းတွင်ဒေါက်တါကိန်းနှင့်နောက်လိုက်နောက်ပါလူမဲများ၏ဆန္ဒပြလှုပ်သျှားမှုများပြင်းထန်လာပြီး၊ ဆန္ဒပြသူများအားဖမ်းဆီးသတ်ဖြတ်မှုလည်းပြင်းထန်လာလီသည်။ ၁၉၅၇မှ၁၉၆၈ခုနှစ်ထိ(၁၁)နှစ်တာကာလအတွင်းတွင် ဒေါက်တာမာတိန်လူသာကိန်းသည်လူမဲရှိ့လွတ်မြောက်ရေးအတွက်ခရီးမိုင်းပေါင်း၆သန်းကျော်လားခ၏။ မိန့်ခွန်းအကြိမ်ပေါင်း၂၅၀၀ကျော်ပြောခ၏။ ရာပေါင်းများစွာသောဆောင်းပါးများကိုရွီးခ၏။ စာအုပ်(၅)အုပ်ရွီးသားထုတ်ဝီခ၏။အခါပေါင်း၃၀ကျော် အဖမ်းခံ၊ချုပ်နှောင်ခံ၊ထောင်ချခံရ၏။ သူရွီးသားခသည့် ‘ဘာမိန်ဟမ်ထောင်ထဲမှပီးစာ’ ဆိုလျှင်လူမည်းလွတ်မြောက်ရေးလှုပ်သျှားမှု၏ နောက်ကုန်းရိုးကြော်ငြာစာတမ်းဖြစ်လာ

(စာမျက်နှာ ၁၈ သို့)

“အကျွန့်မှာအိမ်မက်တခုဟိပါရေ၊ တရက်ရက်မှာ အယင်ကကျွန်ပိုင်သျှင်ရှိ့သားသမီးတိနန့်(လူမဲ)ကျွန်သားသမီးတိရေညီရင်းအစ်ကိုစိတ်ဓါတ်ကိုယ်စီရင်မှာ ပိုက်ဗျာယ်ဂျော်ဂျီယာတောင်ကုန်းနီထက်ကစားပွဲတလုံးတည်းမှာအတူတူထိုင်နိန်လီကတ်လိမ့်မေ ဆိုစွာကိုပါ”

(ဒေါက်တာမာထိန်လူသာကိန်းဂျူနီယာ၏ ***အကျွန့်မှာအိမ်မက်တခုဟိပါရေ*** မိန့်ခွန်းမှ)

**(ဒေါက်တာမာတိန်လူသာကိန်းဂျူနီယာ မှ)**

သည်အထိ အနှိမ်ခံရသူများ၏နှလုံးသားကိုဆွဲကိုင်လှုပ်နိုင်စွမ်းဟိခပါလီသည်။ အခါပေါင်း ၁၅၀၀ ကျော်ချီတက်ဆန္ဒပြမှုများလုပ်ခ၏။ ယင်းရို့အထဲ၌ ၁၉၆၃ခုနှစ်တွင်ပြုလုပ်ခသည့်ဝါသျှိန်တန်ဒီစီချီတက်ပွဲမှာအထင်သျှားဆုံးဖြစ်သည်။ လူဖြူ၊လူမဲ၊လူတန်းစားအလွှာပေါင်းစုံမှလူပေါင်း၂၅၀၀၀၀ (နှစ်သိန်းငါးသောင်း)ကျော်တက်ရောက်သည့် ယင်းလူထုချီတက်ပွဲ၌ ဒေါက်တာကိန်းသည်သူ၏ သမိုင်းဝင် **‘အကျွန်ုန့်မှာအိမ်မက်တခုဟိပါရေ’** **(I have a dream!)** မိန့်ခွန်းကိုပြောကြားခလီသည်။

အမေရီကန်ပြည်ထောင်စု ထိန်နာဆီပြည်နယ်၊ မန်ဖီးစ်မြို့တွင်လူမဲများချီတက်ဆန္ဒပြပွဲတခုကိုဦးဆောင်ရန်လာရောက်စဉ် ၁၉၆၈ခုနှစ်၊ အေပြယ်လ၄ရက်နိ၌သူတည်းခိုနိန်သောမိုတယ်ဝရံတာတွင်သေနတ်ဖြင့်ပစ်ခတ်ခြင်းကိုခံရကာလူမဲများအတွက်သာမကကမ္ဘာ့အဖိနှိပ်ခံ၊ အချိုးနှိမ်ခံသူများ၏ပြယုဂ်သဖွယ်ဖြစ်သော၊ပညာတတ်သမျှမာန်မာနကင်းစင်သော၊ ငြိမ်းချမ်းရေးနိုဗယ်ဆုအပီးခံရသူများအထဲတွင်အသက်(၃၅နှစ်)အငယ်ဆုံးဖြစ်ခသော၊ထိုင်းမ်မဂ္ဂဇိန်း၏၁၉၆၃ခုနှစ်အတွက်ကမ္ဘာ့လူသားအဖြစ်ရွီးချယ်ခံခရသော၊ ချိုးနှိမ်ခံလူသားများ၏လွတ်မြောက်ရေးအတွက်တဖွဲ့ချေမှုအကြမ်းမဖက်ပဲလူသားဆန်သောနှလုံးသား၊ မြင့်မြတ်သည့်စိတ်ဓါတ်များနှင့်တိုက်ပွဲဝင်ခသောသူရဲကောင်းဒေါက်တာမာတိန်လူသာကိန်းဂျူနီယာသည်သူချစ်သောသူ့မိသားစု၊သူနှင့်အသားအရောင်တူလူမဲများနှင့်သူ့အားချစ်ခင်လေးစားကတ်သည့်ကမ္ဘာ့လူသားများအားလုံးကိုခွဲခွါကာဘဝတပါးသို့ပြောင်းလားပါလီသည်။ဖိနှိပ်ခံလူသားထုရို့၏အာဂလွတ်မြောက်ရေးဂေါင်းဆောင်တဦးဖြစ်သူဒေါက်တာမာတိန်လူသာကိန်းဂျူနီယာ ကောင်းရာသုဂတိဘုံမှာစံမြန်းနိုင်ပါလီစီ။ ။

**ကျမ်းကိုး**


http://nobelprize.org/

http://www.biography.com/

**‘သုတ’ နန့် ‘ရသ’ ရို့ကိုလည်းကောင်း**
**‘သတ္တိ’ နန့် ‘ခွန်အား’ ရို့ကိုလည်းကောင်း**
**‘မဓုရတာ’ နန့် ‘ပညာ’ ရို့ကိုလည်းကောင်း**
**ပီးစွမ်းနှိုင်သောစာများဖြင့်**
**လူ့အဖွဲ့အစည်းကိုအလှဆင် တင့်တယ်စီအံ့။ ။**

# စာပြည့်ညိုရခိုင်စာအုပ်စင်

**(ရခိုင်အကြောင်းကို အပြည့်အစုံ(သို့မဟုတ်)တစိတစောင်းဖေါ်ပြ ရွီးသားထားရေစာအုပ်တိရေကမ္ဘာ့ဘာသာအသီးသီးထဲမှာအများကြီးဟိနိန်ကြောင်းသုတေသနပြုချက်တိအရသိဟိရပါရေ။ အကျွန်ုန်ရို့၏ ‘စာပြည့်ညိုရခိုင်စာအုပ်စင်’ ကဏ္ဍရေ ယင်းစာအုပ်တိကိုရှာဖွီပနာရခိုင်စာဖတ်ပရိတ်သတ်နန့်(တလမှာတအုပ်စီ)မိတ်ဆက်ပီးလားဖို့ဆိုရေရည်ရွယ်ချက်နန့်စီစဉ်တင်ပြထားခြင်းဖြစ်ပါရေ။)**




**စာအုပ်နာမည်။** ။ **Burma's Lost Kingdoms: Splendors of Arakan**

**စာရွီးသူ။** ။ Pamela Gutman

**ထုတ်ဝီသူ။** ။ Orchid Press (2001)

**စာအုပ်တန်ဖိုး။** ။ ၃၅ မှ ၄၅ (အမေရီကန်) ဒေါ်လာဝန်းကျင်တွင်ဟိပါသည်။

အေစာအုပ်ရေသြစတြေးလျနိုင်ငံက သမိုင်းပါမောက္ခတယောက်ဖြစ်တေဖမ္မလာဂေါ့ထမန်၏အင်္ဂလိပ်ဘာသာနန့်ရွီးသားထားရေ အဆင့်မြင့်သုတေသနပြုစာအုပ်တအုပ်ဖြစ်ပါရေ။ အကြောင်းအမျိုးမျိုးကြောင့်တိမ်မြုပ်ကွယ်ပျောက်ခြင်းခံနိန်ရရေ‘ရခိုင်ဘုရင့်နိုင်ငံတော်’၏သမိုင်း၊အနုပညာနန့်ယဉ်ကျေးမှုရို့ကိုကမ္ဘာ့လူမှုအသိုင်းအဝိုင်း၏ သမိုင်း၊အနုပညာ၊ယဉ်ကျေးမှုရို့နန့်နွီးနွီးထွီးထွီး၊ပေါ်ပေါ်လွင်လွင်မိတ်ဆက်ပီးလိုက်တေစာအုပ်ပါ။ကြီးနန့်ကျောက်တုံး၊ကျောက်ခဲတိကိုအသုံးပြုထုဆစ်တေရခိုင်ရို့၏ အံ့မခန်းထူးခြား၊သျှားပါးရေအနုပညာလက်ရာတိ၊ အဆင့်မြင့်ပိသုကာပညာရပ်တိ၏ ဟန်နန့်သဏ္ဍာန်ကို ဖေါ်ထုတ်တင်ပြထားမှုတိလည်းအများကြီးပါဝင်ပါရေ။ ၁၇၈၄ခုနှစ်အထိကမ္ဘာ့အလယ်မှာဂုဏ်သိက္ခာဟိဟိ၊လွတ်လွတ်လပ်လပ်တည်တံ့နိန်ခပြီးကေ လူမသိ၊သူမသိနန့်စနစ်တကျဖျောက်ဖျက်ခြင်းခံထားရရေကမ္ဘာ့သမိုင်းစာမျက်နှာထဲကရခိုင်ဘုရင့်နိုင်ငံ၏ခံ့ညား၊ထယ်ဝါမှုတိကိုဓါတ်ပုံမှတ်တမ်းဝီဝီဆာဆာနန့်ကြည့်ချင်၊မြင်ချင်ကေ အေစာအုပ်ကိုဖတ်ပါ။ စာအုပ်မာတိကာထဲမှာ(– ဓညဝတီ၊ – လေးမြို့မြစ်ဝှန်းမှမြို့တော်များ၊ – မြောက်ဦး၊ – ကျောက်ဆစ်ထု နန့် နတ်ကွန်းနတ်စင်) အစဟိရေအကြောင်းအရာတိပါဝင်စွာကိုတွိရပါရေ။ အိမ်ကြီးရခိုင်ရို့၏စာအုပ်စင်တိထက်မှာဟိသင့်ဟိထိုက်တေစာအုပ်တအုပ်အဖြစ်မိတ်ဆက်တင်ပြပီးလိုက်ပါယင့်။ ။

*မှတ်ချက်။ ။ ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့အနိန်ဖြင့်တဆင့်ဝယ်ယူပီးစီလိုပါက အေစာစဉ်အယ်ဒီတာသို့ ဖုန်းဖြင့်ဖြစ်စီ၊ စာဖြင့်ဖြစ်စီ၊ အီးမဲလ်ဖြင့်ဖြစ်စီ အသေးစိတ်ကို မိန်းမြန်းဆက်သွယ်ဝယ်ယူနိုင်ကတ်ပါရေ။ ကျေးဇူးတင်ပါရေ။*

# အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ

***အေအစီအစဉ်သည် ရခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ၊ ရခိုင်ကျောင်းသား ကျောင်းသူများအနိန်ဖြင့် နိုင်ငံတကာ စာနယ်ဇင်းများ၊ နိစဉ်ထုတ်သတင်းစာများ၊ ကျောင်းသင်ခဏ်းစာအုပ်များတွင်အင်္ဂလိပ်စာကိုဖတ်ရှုကတ်ရာ၌ ပိုမိုသဖေါပေါက်နားလည်ကတ်စီရန် ရည်ရွယ်လျက် ကြိုးစားဘာသာပြန်ဆိုစီစဉ်တင်ဆက်ထားခြင်းဖြစ်ပါရေ။ ကျေးဇူးတင်ပါရေ။***

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

**ABC war :** လူသူအဆောက်အအုံများ အစုလိုက်အပြုံလိုက် သီကြီပျက်စီးစီနိုင်လောက်သည့်စွမ်းအားကြီးအဖျက်လက်နက်များ ( WMD အထူးသဖြင့်အနုမြူ၊ ဘိုင်အို အစဟိသည့် ဓါတုလက်နက်များ) အသုံးပြုလျှက်တိုက်ခိုက်သည့်စစ်ပွဲအမျိုးအစားအတွက်နိုင်ငံရေးလောကတွင်ယေဘူယျသုံးနှုန်းသည့် အသုံးအနှုံး။

**Abdication :** ဘုရင်(သို့မဟုတ်)ဘုရင်မတဦးဦးမှ မိမိသဖေါဆန္ဒအလျှောက်နန်းစွန့်ခြင်း။ (မကြာခင်ကာလများအတွင်းက ကမ္ဘာ့သမိုင်း၏ထင်သျှားသောနန်းစွန့်မှုတခုမှာအင်္ဂလန်၏အဌမမြောက်အက်ဒွါ့ဘုရင်၏နန်းစွန့်မှုဖြစ်သည်။အမေရိကန်တလင်ကွာတဦးဖြစ်သည့် ဝီလီဆိမ်ပ်ဆွင်ကိုအဆိုပါဘုရင်ကလက်ထပ်ရန်ကြံစည်သောအခါအင်္ဂလန်ထီးနန်းထုံးစံအရခွင့်မပြုသဖြင့်ဖြစ်သည်။)

**Abrogation :** ဥပဒေ(သို့မဟုတ်)စာချုပ်(သို့မဟုတ်)သဖေါတူညီမှုတခုခုအားတဖက်သတ်ဖြစ်စီ၊ နှစ်ဦးနှစ်ဖက်သဖေါတူညီမှုဖြင့်ဖြစ်စီဖျက်သိမ်းခြင်း။

**Academic freedom :** တက္ကသိုလ်ပါမောက္ခတဦးဦးသည် သူ၏သုတေသနပြုလေ့လာတွိဟိချက်တရပ်ရပ်အား အများလက်ခံသဖေါတူနိုင်သည်ဖြစ်စီ၊အငြင်းပွါးစရာပင်ဖြစ်စီ အဆိုပါသုတေသီအပေါ် မည်သည့်ဖိအားပြုမှုတစုံတရာမဟိစီပဲ လွတ်လပ်စွာရှီးသား၊ ထုတ်ဝီ၊ ဖြန့်ချိပိုင်ခွင့်။

**Accidental war :** အချက်အလက်များလွဲမှားစွာတွက်ချက်မှု (သို့မဟုတ်) အခြားမှားယွင်းမှုတစုံတရာကြောင့် ကြိုတင်ကြံရွယ်မှုမဟိပဲ တိုက်ခိုက်ဖြစ်ပွါးသည့် ခေတ်သစ်စစ်ပွဲ။

**Accord:** အပြည်ပြည်ဆိုင်ရာကိစ္စရပ်များတွင် စာချုပ်တရပ်ကဲသို့ခိုင်မာမှုမဟိပဲသံတမန်နည်းလမ်းအရသဖေါတူညီမှု။ တခါတလီတွင်အေသဖေါတူညီမှုများသည်လည်း စာချုပ်စာတမ်းကဲသို့ခိုင်မာသော အဆင့်အနိန်အထားတွင်ဟိတတ်ပါသည်။ဥပမာအားဖြင့်၁၉၇၈ခုနှစ်အတွင်းကအီဂျိနှင့်အိဇရေးလ်ရို့ကြားတွင်ပြုလုပ်ခသည့်ဒေးဗိစခန်း (Camp David) သဖေါတူညီမှု၊ ၁၉၉၄ ခုနှစ်အတွင်းကပြုလုပ်ခကတ်သည့် အိဇရေးလ် နှင့် ဂျော်ဒန်ရို့အကြားသဖေါတူညီမှု။

**Accountability :** တာဝန်ဝတ္တရားဟိမှု ၊ တာဝန်ဝတ္တရားထိန်းသိမ်းမှု။ လူမှုကိစ္စ၊ လုပ်ငန်းဆောင်တာများတွင်ဟိတတ်သည့် တာဝန်ဝတ္တရားများအတိုင်းထိန်းသိမ်းလုပ်ဆောင်မှု။ ဥပမာအားဖြင့်အလုပ်သမားသည်သူ၏လုပ်ငန်းတာဝန်ဝတ္တရားများအတိုင်းကျိုးပြွန်အောင်ဆောင်ရွက်ရမှု။ (ဒီမိုခရေစီနိုင်ငံများ၌) ပြည်သူ့လွှတ်တော်အမတ်တဦးဦးသည်အများပြည်သူအပေါ် သူကတိကဝတ်ပြုဖူးသည့်အတိုင်းတာဝန်ဝတ္တရားကျိုးစွာဖြင့်လုပ်ကိုင်ဆောင်ရွက်ရမှု၊နိုင်ငံတော်သမ္မတသည်သူ၏ပြည်သူလူထုအားလုံးအပေါ် တာဝန်ဝတ္တရားကျိုးပြွန်စွာဖြင့်နိုင်ငံတော်တာဝန်ကိုထမ်းရွက်ရမှုမျိုးများကို ဆိုလိုပါသည်။

**Acculturation :** မိမိရို့လူမျိုးစုပိုင်(သို့မဟုတ်)မိမိရို့၏မိရိုးဖလာယဉ်ကျေးမှုမဟုတ်ပဲ အခြားသူများ၏ယဉ်ကျေးမှုတရပ်ရပ်အား အတုယူပြုမူဆောင်ရွက်ခြင်း။ (ဥပမာအားဖြင့်–အကျွန်ရို့အချင်းချင်းတွိဆုံကတ်သောအခါတယောက်နန့်တယောက်လက်ဆွဲနှုတ်ဆက်ခြင်းမျိုး။)

**Act of state :** နိုင်ငံတော်အစိုးရ၏လုပ်ငန်းဆောင်တာ။ နိုင်ငံအစိုးရမှအပအခြားမည်သည့်ပုဂ္ဂလိကတစုံတယောက်အနိန်ဖြင့်လုပ်ကိုင်ဆောင်ရွက်ခွင့်မဟိသည့်လုပ်ငန်းကိစ္စမျိုး။

**Affirmative Action:** အတိတ်ကခွဲခြားဆက်ဆံမှုခံရသည့် အတွက်မျိုးဆက်နှင့်ချီ၍ဆုံးရှုံးနစ်နာကတ်ရမှုများအတွက် လူမျိုးတစ်မျိုး(သို့မဟုတ်) လူအုပ်စုတစ်စုအပေါ်အထူးအကျိုးခံစားခွင့်များပြန်လည်ပီးအပ်ခြင်း။

**Alienation:** ရိုးရိုးသာမာန်ပြည်သူများအနိန်ဖြင့် နိုင်ငံရေးရာများတွင်ပါဝင်ပါက်သက်ဆောင်ရွက်သော်လည်း ထိရောက်သည့်အကျိုးသက်ရောက်မှုနှင့်အဓိပ္ပါယ်ဟိသည့်နောက်ဆက်တွဲရလဒ်များ ဖြစ်ဖြစ်မြောက်မြောက်မဟိမှုအပေါ်သူရို့၏ (ဘေးထွက်နိန်ရသျှောင်မျိုး) ခံစားရမှုများ။

**American conservatism:** ချမ်းသာမှု၊လုံခြုံမှုနှင့် အစဉ်အလာတန်ဖိုးများအပေါ် အခြားတန်ဖိုးများထက် ပိုမိုအလေးထားသည့် အမေရိကန်ရို့၏ အယူဝါဒ။

**American liberalism:** လူတယောက်ချင်းစီ၏ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့်လူ့အခွင့်အရေးဆိုင်ရာတန်ဖိုးများအပေါ် အခြားတန်ဖိုးများထက် ပိုမိုအလေးထားသည့် အမေရိကန်ရို့၏အယူဝါဒ။

**American Revolution:** (၁၇၇၅ – ၁၇၈၃) အမေရိကန်လွတ်လပ်ရေးစစ်ပွဲဟူ၍လည်းကောင်း၊ အမေရိကန်တော်လှန်ရေးစစ်ပွဲဟူ၍လည်းကောင်းခေါ်ဝေါ်သမုဒ်ကတ်သည့်အမေရိကန်ရို့၏မူလကိုလိုနီ၁၃ ပြည်နယ်အားဗြိတိသျှအုပ်ချုပ်ရေးအောက်မှအဆုံးသတ်စီရေးအတွက်ကြိုးပမ်းသည့်၁၇၈၇–၁၇၈၉ကာလများကိုဆိုလိုခြင်းဖြစ်သည်။(အမေရိကန်လွတ်လပ်ရေးကာလကိုပုံမှန်အားဖြင့်အမေရိကန်လွတ်လပ်ရေးကြော်ငြာစာတမ်းထုတ်ပြန်ခသည့်၁၇၇၆ခုနှစ်မှစတင်၍တွက်ချက်မှုပြုကတ်ပါသည်။)

***(လစဉ် မပျက်မကွက် ဆက်လက်တင်ဆက်လားမည်ဖြစ်ပါသည်။)***

The Arakan International
နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

ရက္ခိုင့်လူ့အဖွဲ့အစည်း
အခြေပြုသတင်းစဉ်
ဖြစ်ပါသည်။

ဝယ်ယူပါ။

ဖတ်ပါ။မှတ်ပါ။လေ့လာပါ။

ဆွေးနွေးအကြံပြုပါ။

ဝေဖန်သုံးသပ်ပါ။

စာမူ၊ကြော်ငြာနှင့်
ရက္ခိုတန္တယ်ဖွဲ့ရှိ၏
လုပ်သျှားမှုသတင်းများကို
ပီးပို့အားပီးနိူင်ကတ်ပါရေ။

ပူးပေါင်း၊ဆက်သွယ်၊
ဆောင်ရွက်ကတ်ပါ။

အထူးကျေးဇူးတင်ပါရေ။

**Editor:**
**Oo Thein Maung**

ဆက်သွယ်ရန်လိပ်စာ

1107 S Washington St.
Wheaton, IL 60189
U.S.A.

1-630-682-3616 (Home)
1-630-956-3382 (Cell)
theai2011@hotmail.com

*တန်ဖိုး ၇ ဒေါ်လာ*

၆ လစာ ၄၀ ဒေါ်လာ

၁ နှစ်စာ ၈၀ ဒေါ်လာ

# ကနေဒါနိုင်ငံ

**ကနေဒါနိုင်ငံသည် ကမ္ဘာတွင်ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သည်။ ကနေဒါနိုင်ငံသည်ဒီမိုခရေစီစံနစ်ကို ကျင့်သုံးသည့်အစဉ်အလာ ခိုင်မာ၊ အားကောင်းသောနိုင်ငံဖြစ်ပါသည်။**

**တရားဝင်အမည်။** ။ ခယ်နေဒါ

**တည်ထောင်သည့်ခုနှစ်။** ။ ၁၈၆၇

**မြို့တော်။** ။ အော့ထာဝါ

**အဓိကမြို့ကြီးများ။** ။ ထိုရန်ထို၊ မွင်ထရီယယ်၊ ဗန်ခူးဗား၊ အက်ဒ်မွန်ထွင်

**လူဦးရေ။** ။ ၃၂.၈ သန်း (၂၀၀၅)

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင် ၉ ယောက် (၁ စတုရန်းခီလိုမီတာလျှင် ၃ ယောက်)

**အကျယ်အဝန်း။** ။ ၃၇၁၇၇၉၂ စတုရန်းမိုင် ( ၉၉၈၄၆၇၀ စတုရန်းခီလိုမီတာ)

**ဘာသာစကား။** ။ အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ အီတာလျံ၊ ဂျာမန်၊ ယူကရိန်း၊ အိန်နေ့တီတော့။






**ကမ္ဘာ့နိုင်ငံများ**
**မိတ်ဆက်ကဏ္ဍ**

**ကိုးကွယ်သည့်ဘာသာ။** ။ ရိုမင်ခက်သလိ ၄၄ ရာနှုန်း၊ ပရိုထက်စထိန့် ၂၉ ရာနှုန်း၊ ဘာသာမဟိသူ ၂၇ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ ဗြိတိသျှနွယ်ဖွါး ၄၄ ရာနှုန်း၊ ပြင်သစ်နွယ်ဖွါး ၂၅ ရာနှုန်း၊ ဥရောပတိုက်သား ၂၀ ရာနှုန်း၊ အခြား ၁၁ ရာနှုန်း။

**အစိုးရ။** ။ ပြည်သူ့လွှတ်တော်စနစ်။

**ငွေကြေးယူနိ။** ။ ၁ ခယ်နေဒါဒေါ်လာ လျှင် ၁၀၀ ဆန့်။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၉၉ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု ။** ။ ၃၁၇၆ ခယ်လိုရီ။

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အာသျှဖလား ၂၀၁၁ | ၁ |
| အယ်ဒီတာ့စကား | ၂ |
| ဂျန်နျူဝါရီလ ရက်စဉ်ကမ္ဘာ့သတင်းများ | ၃-၁၅ |
| ဒေါက်တာမာတိန်လူသာကိန်းဂျူနီယာ | ၁၆ |
| အင်္ဂလိပ်စကားပြောကတ်မေ | ၁၇ |
| စောပြည့်ညိုရခိုင်စာအုပ်စင် | ၁၈ |
| အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ | ၁၉ |
| ကနေဒါနိုင်ငံ | ၂၀ |


အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။